အဂတိပယ်ခွာ ပြည်သာယာ



ဖြောင့်မတ်တည်ကြည်မှု

လွတ်လပ်စွာရပ်တည်နိုင်မှု

တာဝန်ယူမှု

ပွင့်လင်းမြင်သာမှု

မျှတမှု

အားလုံးပါဝင်နိုင်မှု

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ
ပြုစုထုတ်ဝေသည်။
https://www.accm.gov.mm

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

Anti-Corruption Newsletter

Vol: 2, Jan 2026









# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | ယူကရိန်းနိုင်ငံတွင် အဂတိလိုက်စားမှုဖြစ်စဉ် ၄၃ ရာခိုင်နှုန်းကို သတင်းပေးပို့သူများကြောင့် ဖော်ထုတ်နိုင်ခဲ့ကြောင်း လေ့လာမှုတစ်ရပ်အရသိရ | ၁ | ၄ |
| ၂ | ဘင်ဂျမင်နေတန်ယာဟုက ၎င်းအပေါ် အဂတိလိုက်စားမှုများဖြင့် စွဲချက်တင် စစ်ဆေးနေမှုများကို အဆုံးသတ်ပေးရန် တောင်းဆို | ၄ | ၁၀ |
| ၃ | RTK လျှောက်ထားမှုများတွင် လာဘ်ပေးမှုဖြင့် အရာရှိများ အပါအဝင် ၁၁ ဦး ဖမ်းဆီးခံရ | ၁၁ | ၁၂ |
| ၄ | နီပေါနိုင်ငံ ယာယီဝန်ကြီးချုပ်က အဂတိလိုက်စားမှုများကို အဆုံးသတ်ရန် ကတိပြု | ၁၂ | ၁၅ |
| ၅ | ဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇက်၏ ဇနီး ရိုဇ်မာအား ငွေကြေးလိမ်လည်မှု၊ အခွန်ရှောင်မှုစသည်တို့ ကျူးလွန်ထားကြောင်းကို သက်သေပြနိုင်ခြင်း မရှိကြောင်းထုတ်ပြန် | ၁၆ | ၁၈ |
| ၆ | ကမ္ဘာလုံးဆိုင်ရာ နိုင်ငံရေးမငြိမ်မသက်ဖြစ်မှု - ၂၀၂၅ ခုနှစ်တွင် ကမ္ဘာကြီးကို တုန်လှုပ်စေခဲ့သော အရှုပ်တော်ပုံ ၅ ခု | ၁၉ | ၂၂ |
| ၇ | နီပေါနိုင်ငံရှိ လေဆိပ်တည်ဆောက်ရေးလုပ်ငန်းတွင် ကုန်ကျစရိတ် ဒေါ်လာ ၇၄ သန်း ပိုမိုသုံးစွဲမှုကြောင့် တာဝန်ရှိသူ များအား အဂတိလိုက်စားမှုဖြင့် တရားစွဲဆိုလိုက်ခြင်း | ၂၃ | ၂၅ |
| ၈ | ဗီယက်နမ်အစိုးရစစ်ဆေးရေးဌာနအနေဖြင့် လုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်နေ | ၂၅ | ၂၇ |
| ၉ | ယူကရိန်းကို လွှမ်းမိုးနေသော အဂတိလိုက်စားမှု | ၂၇ | ၃၄ |
| ၁၀ | ခရိုင်ခွဲအုပ်ချုပ်ရေးမှူးရုံး အရာရှိများ ခန့်အပ်မှုစာရင်းတွင် ပါဝင်စေရန်အတွက် ခရိုင်အုပ်ချုပ်ရေးမှူးရုံး အကြီးအကဲထံ လာဘ်ပေးမှုဖြင့် အမျိုးသမီးတစ်ဦးကို NACC မှ ဖမ်းဆီး | ၃၄ | ၃၆ |

| | | | |
|---|---|---|---|
| ၁၁ | ဥရောပသမဂ္ဂ (EU) နိုင်ငံများသည် နောက်ဆုံးတွင် အဂတိလိုက်စားမှု ဆိုင်ရာစည်းမျဉ်းများအား သဘောတူညီကြသည် – သို့သော် ယင်းတို့တွင် အားနည်းချက်များရှိနေသလား | ၃၆ | ၃၉ |
| ၁၂ | အလုပ်သမားရေးရာဝန်ကြီးဌာနတွင် အလုပ်ခွင်ဘေးကင်းရေးနှင့် ကျန်းမာရေး (K3) အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းနှင့် ဆက်စပ်သည့် ငွေညှစ်မှုဖြင့် တာဝန်ရှိသူ ၁၄ ဦးကို ဖမ်းဆီးစစ်ဆေး | ၄၀ | ၄၁ |
| ၁၃ | မလေးရှားနိုင်ငံ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်က သက်သေ ၁၆ ဦးကို ဆင့်ခေါ်၊ ဒီဇင်ဘာလလယ်တွင် စုံစမ်းစစ်ဆေးမှု ပြီးဆုံးမည်ဟု မျှော်မှန်း | ၄၁ | ၄၃ |
| ၁၄ | ယာဉ်မောင်းစာမေးပွဲဖြေဆိုသူထံမှ လာဘ်ငွေရယူရန် ကြိုးစားမှုဖြင့် ယာဉ်မောင်းစစ်ဆေးသူဟောင်းတစ်ဦး တရားစွဲဆို ခံရ | ၄၄ | ၄၅ |
| ၁၅ | ဖိလစ်ပိုင်နိုင်ငံတွင် အဂတိလိုက်စားမှုကြောင့် လူထောင်ပေါင်းများစွာ ဆန္ဒပြခဲ့ခြင်း | ၄၅ | ၄၉ |
| ၁၆ | "ယူကရိန်းနိုင်ငံ၏ အဂတိလိုက်စားမှုဇာတ်လမ်းသည် အခန်းကဏ္ဍ သစ်တစ်ခုသို့ ဝင်ရောက်လာခဲ့ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေး စုံထောက်နှစ်ဦးကို ချုပ်နှောင်ထားရာမှ လွှတ်ပေးခဲ့ခြင်း | ၄၉ | ၅၃ |
| ၁၇ | အဂတိလိုက်စားမှုတွင် ပါဝင်ပတ်သက်နေသည့် ဩဇာအာဏာရှိ နိုင်ငံရေးသမားများအား ခရစ္စမတ်မတိုင်မီ ထောင်ကျမည်ဟု ဖိလစ်ပိုင်သမ္မတပြောကြား | ၅၃ | ၅၇ |
| ၁၈ | ဘိုလီးဗီးယားသမ္မတဟောင်း အာစီအား အဂတိလိုက်စားမှုဖြင့် ထောင်ဒဏ်ချမှတ်ဒေသဖွံ့ဖြိုးရေးစီမံ ကိန်းများအတွက် ရည်ရွယ် သည့် ရန်ပုံငွေများကို အလွဲသုံးစားပြုသည်ဆိုသော စွပ်စွဲချက်များ ကို ခေါင်းဆောင်ဟောင်းက ငြင်းဆိုထား | ၅၈ | ၆၁ |
| ၁၉ | NACC သည် အဂတိလိုက်စားသော ဝယ်ယူရေးမန်နေဂျာအား ပထမဆုံးအကြိမ် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်း | ၆၁ | ၆၃ |



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မိန့်ခွန်းကောက်နုတ်ချက်

## (၂၀၂၅ ခုနှစ်၊ ၂၂ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား၌ ပြောကြားသည့် ဗီဒီယိုမိန့်ခွန်းမှ)

"အဂတိကင်းစင်တဲ့ လူ့အသိုက်အဝန်းဖြစ်လာရေးအတွက် ရှိနေဆဲဖြစ်တဲ့ အဂတိလိုက်စားမှုတွေ လျော့ပါးသွားအောင် အဂတိလိုက်စားမှု ဖြစ်စဉ်တွေကို စုံစမ်းစစ်ဆေးတိုက်ဖျက်ရမှာ ဖြစ်သလို နောင်အနာဂတ်မှာ ပပျောက်သွားတဲ့အထိ လိုအပ်တဲ့ ပြင်ဆင်မှု၊ စီမံမှု၊ ဆောင်ရွက်မှုတွေနဲ့ ကြိုးပမ်းဆောင်ရွက်ကြဖို့လည်း လိုပါတယ်" အထူးအားဖြင့် အဂတိလိုက်စားမှုတွေဟာ ဘယ်လို အကြောင်းအချက်တွေကြောင့် ဖြစ်ပေါ်လာရတာလဲဆိုတဲ့ အဂတိလိုက်စားမှုကို လက်ယပ် ခေါ်နေတဲ့ အခြေခံအရင်းအမြစ်တွေမှန်သမျှ ဖယ်ထုတ်နိုင်ဖို့ ကြိုးစားကြရမှာ ဖြစ်ပါတယ်။ အဲဒီလို ကြိုးစားတဲ့အခါမှာ ကိုင်တွယ်အသုံးပြုသူတွေက လိုအပ်သလို ဆွဲယူအသုံးချနိုင်တဲ့ ရှုပ်ထွေးပြီး လူအများနားလည်ရခက်ခဲတဲ့ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နဲ့ ညွှန်ကြားချက်တွေ၊ စည်းမျဉ်း၊ စည်းကမ်း တွေကို အများပြည်သူ လွယ်ကူရှင်းလင်းစွာ သိရှိနားလည်နိုင်တဲ့ ဖော်ပြချက်တွေနဲ့ ပြုပြင်ဖို့ ကိစ္စရပ်တွေလည်း ပါဝင်လာမှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်တွေကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်တွေ ရေးဆွဲရာမှာ ထည့်သွင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

## အဂတိတရား (၄) ပါး

ဆန္ဒာဂတိ - ချစ်သဖြင့် မလိုက်အပ်သည်သို့လိုက်၍ မကောင်းမှုကိုပြုခြင်း။

ဒေါသာဂတိ - မုန်းသဖြင့် မလိုက်အပ်သည်သို့လိုက်၍ မကောင်းမှုကိုပြုခြင်း။

ဘယာဂတိ - ကြောက်သဖြင့် မလိုက်အပ်သည်သို့လိုက်၍ မကောင်းမှုကိုပြုခြင်း။

မောဟာဂတိ - မသိသဖြင့် မလိုက်အပ်သည်သို့လိုက်၍ မကောင်းမှုကိုပြုခြင်း။

ဗုဒ္ဓဘာသာကောင်းတစ်ယောက်

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

# အဂတိပယ်ခွာ ပြည်သာယာ

## “ယူကရိန်းနိုင်ငံတွင် အဂတိလိုက်စားမှုဖြစ်စဉ် ၄၃ ရာခိုင်နှုန်းကို သတင်းပေးပို့သူများကြောင့် ဖော်ထုတ်နိုင်ခဲ့ကြောင်း လေ့လာမှုတစ်ရပ်အရ သိရ”

ယူကရိန်းနိုင်ငံ၏ မြို့တော်ကီယက်ဗ်တွင် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်နေ့၌ အဂတိလိုက်စားမှု စစ်ဆေးသူများအသင်း (ACFE) က ထုတ်ပြန်သည့် “လုပ်ငန်းခွင်အတွင်းလိမ်လည်မှု ကမ္ဘာလုံးဆိုင်ရာ အစီရင်ခံစာ -၂၀၂၄” အရ ယူကရိန်းနိုင်ငံတွင် အဂတိလိုက်စားမှုဖြစ်စဉ်များ၏ ၄၃ ရာခိုင်နှုန်းကို သတင်းပေးပို့သူများ၏ ကြိုတင်အကြောင်းကြားချက်များကြောင့် ဖော်ထုတ်နိုင်ခဲ့ကြောင်းသိရသည်။ အဆိုပါ အစီရင်ခံစာတွင် အဖွဲ့အစည်းများအတွင်း သတင်းပေးပို့သည့် ယဉ်ကျေးမှုတစ်ရပ် ထူထောင်ရန်နှင့် အဂတိလိုက်စားမှုများကို ဘေးကင်းလုံခြုံစွာ တိုင်ကြားနိုင်မည့် လမ်းကြောင်းများ ဖော်ဆောင်ပေးရန် အရေးကြီးကြောင်း မီးမောင်းထိုးပြထားသည်။

ယူကရိန်းနိုင်ငံသည် စစ်ပြီးခေတ် ပြန်လည်ထူထောင်ရေး ကာလသို့ ကူးပြောင်းနေချိန်တွင် နိုင်ငံတော်ဘဏ္ဍာနှင့် နိုင်ငံတကာအကူအညီများကို ပွင့်လင်းမြင်သာမှုရှိစွာနှင့် တာဝန်ယူမှုရှိစွာ အသုံးပြုရန်မှာ အလွန်အရေးကြီးသည်။ အဂတိလိုက်စားမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အတားအဆီးတစ်ခုအဖြစ် ရှိနေဆဲဖြစ်ရာ ယခုကဲ့သို့ တိုက်ဖျက်ရေး အစီအမံများသည် မရှိမဖြစ်လိုအပ်ချက် ဖြစ်လာသည်။

ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် ဂျပန်အစိုးရတို့၏ ပံ့ပိုးမှုဖြင့် ယူကရိန်းနိုင်ငံပိုင် လုပ်ငန်းပေါင်း ၂၄ ခုမှ ဝန်ထမ်း ၈၈၈ ဦးကို လေ့လာဆန်းစစ်ခဲ့ရာ ဝန်ထမ်းများ၏ အသိပညာဗဟုသုတ၊ တိုင်ကြားမှု လမ်းကြောင်းများအပေါ် ယုံကြည်မှု၊ သတင်းပေးပို့သူများအား ကာကွယ်ပေးသည့် မူဝါဒများနှင့် လုပ်ငန်းခွင်ယဉ်ကျေးမှု အခြေအနေများကို ဖော်ထုတ်နိုင်ခဲ့သည်။

ဝန်ထမ်း ၈၅ ရာခိုင်နှုန်းသည် အဂတိလိုက်စားမှုကို သတင်းပေးပို့ရန် ဆန္ဒရှိကြသော်လည်း လုပ်ငန်းများ၏ ၄၆ ရာခိုင်နှုန်းတွင်သာ သတင်းပေးပို့သူများကို အကာအကွယ်ပေးသည့် မူဝါဒများ ရှိနေကြောင်းသိရသည်။ ထိုသို့သော ကွာဟချက်များကြောင့် ဝန်ထမ်းများအနေဖြင့် အဂတိလိုက်စားမှုကို တိုက်ဖျက်ရာတွင် ဘေးကင်းလုံခြုံမှုနှင့် လှုံ့ဆော်မှုအားနည်းနေကြောင်း တွေ့ရှိရသည်။

ဝန်ထမ်းများသည် အဂတိလိုက်စားမှုကို တိုင်ကြားမှုလမ်းကြောင်းများဖြင့် တိုက်ရိုက်တိုင်ကြားရန် ပိုမိုနှစ်သက်ကြပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး အရာရှိထံ အီးမေးလ်ဖြင့် ပေးပို့ခြင်း (၆၃ ရာခိုင်နှုန်း) နှင့် လူကိုယ်တိုင် တွေ့ဆုံတိုင်ကြားခြင်း (၄၇ ရာခိုင်နှုန်း) တို့မှာ လူသုံးအများဆုံး နည်းလမ်းများ ဖြစ်သည်။ Hotline ဖုန်းလိုင်းများနှင့် ကုမ္ပဏီအီးမေးလ်များ အသုံးပြုမှုမှာမူ နည်းပါးကြောင်း တွေ့ရသည်။

စီမံခန့်ခွဲမှုအဖွဲ့၏ ပံ့ပိုးမှုနှင့် စိုးရိမ်ပူပန်မှုများသည် ဝန်ထမ်းအများစု (၅၇ ရာခိုင်နှုန်း) က သတင်းပေးပို့သည့် ယဉ်ကျေးမှုကို အားပေးသည်ဟု ယူဆသော်လည်း၊ ၃၁ ရာခိုင်နှုန်းသော ဝန်ထမ်းများမှာမူ သတင်းပေးပို့ခြင်းကြောင့် လက်တုံ့ပြန်ခံရမည် သို့မဟုတ် နောက်ဆက်တွဲ ဆိုးကျိုးများ ကြုံတွေ့ရမည်ကို စိုးရိမ်နေကြဆဲဖြစ်သည်။

သတင်းပေးပို့သူများအပေါ် နိုင်ငံတော်၏ အကာအကွယ်ပေးမှုနှင့် ပတ်သက်၍ ဝန်ထမ်း ၆၄ ရာခိုင်နှုန်းက သိရှိထားပြီး၊ အမည်မဖော်ဘဲ တိုင်ကြားနိုင်သည်ကို ၈၃ ရာခိုင်နှုန်းက သိရှိထားကြသည်။ သို့သော်လည်း ဝန်ထမ်း ၂၄ ရာခိုင်နှုန်းမှာ တိုင်ကြားမှုလုပ်ငန်းစဉ်များကို ရှင်းလင်းစွာ နားမလည်သေးသည့်အတွက် စနစ်၏ ထိရောက်မှုကို အားနည်းစေသည်။

သတင်းပေးပို့သူများအပေါ် အကာအကွယ်ပေးသည့် စနစ်ကို ဝန်ထမ်းများအနေဖြင့် သိရှိနားလည်မှုနှင့်စပ်လျဉ်း၍ ဝန်ထမ်း ၆၄ ရာခိုင်နှုန်းသည် နိုင်ငံတော်၏ အကာအကွယ်ပေးမှုများကို သိရှိ၍ ၈၃ ရာခိုင်နှုန်းမှာ အမည်မဖော်ဘဲ တိုင်ကြားနိုင်သည်ကို သိရှိထားကြသည်။ သို့သော်လည်း ဝန်ထမ်း ၂၄ ရာခိုင်နှုန်းခန့်သည် တိုင်ကြားမှုလုပ်ငန်းစဉ်များကို ရှင်းလင်းစွာ နားမလည်သေးကြောင်း တွေ့ရှိရပြီး ယင်းအချက်သည် စနစ်၏ ထိရောက်မှုကို အားနည်းစေသည့် အဓိကအကြောင်းရင်း ဖြစ်နေသည်။



အဂတိလိုက်စားမှု တိုင်ကြားချက်များကို ပြန်လည်စစ်ဆေးသည့် လုပ်ငန်းစဉ်များတွင် ဝန်ထမ်း ၅၆ ရာခိုင်နှုန်းက ပွင့်လင်းမြင်သာမှု ရှိသည်ဟု လက်ခံထားသော်လည်း ကျန်ရှိသော ဝန်ထမ်းများအကြားတွင် ဝေခွဲမရဖြစ်နေသူ (၃၄ ရာခိုင်နှုန်း) နှင့် ပွင့်လင်းမြင်သာမှုမရှိဟု ယူဆသူ (၁၀ ရာခိုင်နှုန်း) ရှိနေသည်။ ယင်းအချက်သည် စစ်ဆေးမှုလုပ်ငန်းစဉ်

များနှင့် ရလဒ်များအပေါ် ဝန်ထမ်းများအား ပိုမိုရှင်းလင်းစွာ ဆက်သွယ်ပြန်ကြားပေးရန် လိုအပ်နေကြောင်း မီးမောင်းထိုးပြနေသည်။

**ဘာသာပြန်သူ**

ဒေါ်ယွန်းရွှေစင်ကျော်

ဦးစီးအရာရှိ

**Source**

- https://www.undp.org/ukraine/press-releases/ whistle blower- tips-responsible-exposing-43-corruption-cases

***********............**********

## “ဘင်ဂျမင်နေတန်ယာဟုက ၎င်းအပေါ် အဂတိလိုက်စားမှုများဖြင့် စွဲချက်တင် စစ်ဆေးနေမှုများကို အဆုံးသတ်ပေးရန် တောင်းဆို”

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် နိုင်ငံအတွင်း သဘောထားကွဲလွဲမှုများကို ဖြစ်ပေါ်စေသည့် ဖြစ်စဉ်အား အဆုံးသတ်ရန်ဆိုသည့် အကြောင်းပြချက်ဖြင့် ၎င်းအပေါ် အဂတိလိုက်စားမှုများဖြင့် စွဲချက်တင် စစ်ဆေးနေမှုများကို အဆုံးသတ်ပေးရန် အစ္စရေးသမ္မတ ဟာဇော့ဂ်ထံ တောင်းဆိုလိုက်သည်။

စွဲချက်များနှင့်စပ်လျဉ်း၍ အစ္စရေး၏ တရားရေးစနစ်နှင့် ရင်ဆိုင်တိုက်ပွဲဆင်နွှဲနေရသော နေတန်ယာဟုက ဒေသတွင်းတွင် အရေးပါသော အပြောင်းအလဲများ ဖြစ်ပေါ်နေချိန်တွင် ၎င်း၏တောင်းဆိုမှုက နိုင်ငံကို စည်းလုံးညီညွတ်စေရန် အထောက်အကူ ဖြစ်စေမည်ဟု ပြောကြားခဲ့သည်။

သို့ရာတွင် နေတန်ယာဟု ဆန့်ကျင်သူများက တောင်းဆိုချက်ကို အပြင်းအထန် ကန့်ကွက်ကြပြီး ထိုတောင်းဆိုချက်သည် နေတန်ယာဟုက

ဥပဒေအထက်တွင်ရှိနေသည့် သဘောသက်ရောက်ပြီး အန္တရာယ်ရှိသော အခြေအနေပင်ဖြစ်သည်ဟု ဆိုကြသည်။

နေတန်ယာဟုက သမ္မတရုံး၏ ဥပဒေရေးရာဌာနသို့ လွတ်ငြိမ်းခွင့် တောင်းဆိုမှု တစ်ရပ်တင်သွင်းခဲ့ကြောင်း ဝန်ကြီးချုပ်ရုံး၏ ကြေညာချက် တစ်စောင်တွင် ဖော်ပြထားသည်။ သမ္မတရုံးက ၎င်းကို "သိသာထင်ရှားသော သက်ရောက်မှုများ" ပါရှိသည့် "ထူးခြားသောတောင်းဆိုမှု" တစ်ရပ်အဖြစ် ဖော်ပြခဲ့သည်။

ဝန်ကြီးချုပ် နေတန်ယာဟုသည် ကြွယ်ဝချမ်းသာသော နိုင်ငံရေး ထောက်ခံသူများအား မျက်နှာသာပေးမှုဖြင့် သီးခြားအမှုသုံးမှုတွင် လိမ်လည်မှု၊ ယုံကြည်မှု ချိုးဖောက်မှုနှင့် လာဘ်ငွေလက်ခံမှုတို့ဖြင့် တရားစွဲဆိုခံရပြီးနောက် အစ္စရေးသမိုင်းတွင် တာဝန်ထမ်းဆောင်နေစဉ် ရုံးတင်စစ်ဆေးခံရသည့် တစ်ဦးတည်းသော ဝန်ကြီးချုပ်ဖြစ်လာသည်။ ဝန်ကြီးချုပ်အနေဖြင့် အခြားမည်သည့်ပြစ်မှုနှင့်မျှ ပြစ်ဒဏ်ချမှတ်ခံရခြင်း မရှိခဲ့ပါ။

နေတန်ယာဟုက ၎င်းအပေါ် စွပ်စွဲထားသည့် စွပ်စွဲချက်များကို ငြင်းဆိုထားပြီး မီဒီယာ၊ ရဲတပ်ဖွဲ့နှင့် တရားစီရင်ရေးတို့မှ စီစဉ်သော ဖျော်ဖြေမှုတစ်ခုသာဖြစ်သည်ဟု ဖော်ပြခဲ့သည်။

နေတန်ယာဟု၏ တောင်းဆိုမှုသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အစ္စရေးပါလီမန်၌ ၂၀၂၅ ခုနှစ်အောက်တိုဘာလတွင် မိန့်ခွန်းပြောကြားစဉ် သမ္မတ အိုက်ဇက်ဟာဇော့ဂ် ရှိရာဘက်သို့လှည့်၍ အစ္စရေးနိုင်ငံအနေဖြင့် နေတန်ယာဟုအား လွတ်ငြိမ်းခွင့်ပေးရန် လူသိရှင်ကြား တိုက်တွန်းခဲ့ပြီး ရက်သတ္တပတ် အနည်းငယ်အကြာတွင် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ အစောပိုင်းတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် က ဟာဇော့ဂ်ထံ နေတန်ယာဟုအား

စွဲဆိုထားသည့် အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ "နိုင်ငံရေးနှင့် မမျှတသော တရားစွဲဆိုမှု" ဟု ဖော်ပြလျက် စာတစ်စောင်ပေးပို့ခဲ့သည်။

ဟာဇော့ဂ်သည် နေတန်ယာဟု၏ နိုင်ငံရေးပြိုင်ဘက်ဟောင်း တစ်ဦးဖြစ်ခဲ့သော်လည်း ၎င်းတို့နှစ်ဦးသည် ကောင်းမွန်သောဆက်ဆံရေး ရှိခဲ့သည်။ ဝန်ကြီးချုပ်တောင်းဆိုပြီးနောက် ဟာဇော့ဂ်၏ အိမ်အပြင်ဘက်တွင် လွတ်ငြိမ်းခွင့်သည် ငှက်ပျောသီး သမ္မတနိုင်ငံနှင့် ညီမျှသည်ဟူသော ဆိုင်းဘုတ်များနှင့် ငှက်ပျောသီးပုံများပါဝင်သည့် ဆိုင်းဘုတ်များ စွဲကိုင် ဆန္ဒပြသည့် ဆန္ဒပြပွဲတစ်ခုဖြစ်ပွားခဲ့သည်ဟု အစ္စရေးမီဒီယာများက ဖော်ပြခဲ့သည်။

ဗွီဒီယိုတစ်ခုတွင်မူ နေတန်ယာဟုက ယင်းအမှုသည် နိုင်ငံကို ပိုင်းခြား စေခဲ့သည်ဟု ပြောဆိုထားသည်။ တရားရုံးတွင် တစ်ပတ်လျှင် သုံးကြိမ်ခန့် ထွက်ဆိုချက်ပေးနေရသဖြင့် ဦးစီးဆောင်ရွက်ရသည့် လုပ်ငန်းရပ်များတွင် ၎င်းအား စိတ်ပျံ့လွင့်စေခဲ့သည်ဟု နေတန်ယာဟုက ထပ်မံပြောကြားထား သည်။

"တရားစွဲဆိုမှုလုပ်ငန်းစဉ် ဆက်လက်ဆောင်ရွက်နေခြင်းသည် မိမိတို့အကြားတွင် တည်ရှိနေသော ပူးပေါင်းဆောင်ရွက်မှုများကို လျော့နည်း စေပြီး ကွဲပြားမှုများကို ပိုမိုဖြစ်စေကာ အချင်းချင်းကြား သဘောထားကွဲလွဲမှု အက်ကြောင်း ပိုမိုနက်ရှိုင်းစေခဲ့သည်" ဟု နေတန်ယာဟုက ပြောကြား ထားသည်။ "အခြားသူတွေလိုပဲ ကျနော့်ကို စွဲထားတဲ့ အမှုတွေကို ရုပ်သိမ်း ပေးမယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံမှာ လိုအပ်နေတဲ့ ပြန်လည်သင့်မြတ်ရေး လုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်မှာ" ဟု ထပ်လောင်း ပြောကြားခဲ့သည်။

နေတန်ယာဟုအနေဖြင့် ပြီးခဲ့သည့်နှစ်ပိုင်းအတွင်း အကြိမ်ပေါင်း များစွာ တရားရုံးသို့ တရားရင်ဆိုင်ရေး လာရောက်ခဲ့သော်လည်း ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ဟားမတ်စ်

ဦးဆောင်သော စစ်သွေးကြွများ၏ ဝင်ရောက်တိုက်ခိုက်မှုများကြောင့် ဖြစ်ပေါ်လာသော စစ်ပွဲများနှင့် မငြိမ်မသက်မှုများကို ကိုင်တွယ်ဖြေရှင်းခဲ့ရသောကြောင့် အမှုကို အကြိမ်ကြိမ် ရွှေ့ဆိုင်းထားခဲ့ရသည်။

နေတန်ယာဟု၏ တောင်းဆိုမှုတွင် အသေးစိတ်အချက်အလက်များ ပါဝင်ကာ ရှေ့နေလက်မှတ်ထိုးထားသည့် စာတစ်စောင်နှင့် နေတန်ယာဟု လက်မှတ်ထိုးထားသည့် စာတစ်စောင်ပါဝင်သည်။

အဆိုပါ စာနှစ်စောင်ကို တရားရေးဝန်ကြီးဌာနသို့ သဘောထား တောင်းခံသွားမည်ဖြစ်ပြီး တရားရေးဝန်ကြီးဌာနက သဘောထားကို သမ္မတရုံးရှိ ဥပဒေအကြံပေးထံ ပေးပို့ရမည်ဖြစ်သည်။ ဥပဒေအကြံပေးက သမ္မတအတွက် အထောက်အပံ့ဖြစ်စေမည့် သဘောထားများကို တင်ပြသွားမည်ဖြစ်သည်။

ဥပဒေပညာရှင်များက နေတန်ယာဟု၏ တောင်းဆိုမှုသည် တရားရုံးစစ်ဆေးမှုများကို ရပ်တန့်စေလိမ့်မည်မဟုတ်ဟု ပြောကြားထားသည်။

“ဒီကိစ္စကမဖြစ်နိုင်ဘူး” ဟု တရားရေးဝန်ကြီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ဟောင်း အီမီပါလ်မောက ပြောကြားခဲ့သည်။

“တရားရုံးမှ ရုံးတင်စစ်ဆေးနေစဉ်မှာ အပြစ်ကင်းကြောင်းသာ ပြောပြီး သမ္မတကို ဝင်ရောက်စွက်ဖက်ပေးဖို့ တောင်းဆိုလို့မရဘူး” ဟု အီမီပါလ်မောက ဆက်လက်ပြောကြားခဲ့သည်။

“ရုံးတင်စစ်ဆေးမှုကို ရပ်တန့်ဖို့ တစ်ခုတည်းသောနည်းလမ်းက ရှေ့နေချုပ်ကို ရုံးတင်စစ်ဆေးမှုများကို ရွှေ့ဆိုင်းပေးဖို့ တောင်းဆိုလို့ပဲရမည်” ဟု ညွှန်ကြားရေးမှူးချုပ်ဟောင်းက ထပ်လောင်းပြောကြားခဲ့သည်။

“ဖြစ်တောင့်ဖြစ်ခဲဖြစ်စဉ်များကို နမူနာယူပြီး နေတန်ယာဟုကို လွတ်ငြိမ်းခွင့်ပေးနိုင်သည်။ သမ္မတတွင် လုပ်ပိုင်ခွင့်ရှိသော်လည်း ကြီးကြပ်ကွပ်ကဲရန် အကန့်အသတ်ရှိလိမ့်မည်” ဟု ပညာရှင်များက သုံးသပ်ထားသည်။

သို့ရာတွင် “ယေဘုယျအားဖြင့် သမ္မတအနေဖြင့် တရားဥပဒေဆိုင်ရာလုပ်ငန်းစဉ် အားလုံးပြီးဆုံးသွားမှသာ လွတ်ငြိမ်းခွင့်တောင်းခံမှုကို ပြန်လည်သုံးသပ်လေ့ရှိပြီး ပြစ်ဒဏ်ချမှတ်ခြင်းမပြုမီ လွတ်ငြိမ်းခွင့်ရရှိရန် အလားအလာ အလွန်ရှားပါးသည်” ဟု အစ္စရေး ဒီမိုကရေစီ အင်စတီကျု့က ယခုလအစောပိုင်းတွင် ရေးသားဖော်ပြခဲ့သည်။

"တရားဥပဒေဆိုင်ရာ လုပ်ငန်းစဉ်များ ဆက်လက်လုပ်ဆောင်နေစဉ်အတွင်း ပြစ်ဒဏ်ချမှတ်ခြင်းမပြုမီ လွတ်ငြိမ်းခွင့်ပေးခြင်းသည် တရားဥပဒေစိုးမိုးရေးကို ခြိမ်းခြောက်ခြင်းသာဖြစ်ပြီး တရားဥပဒေရှေ့မှောက်တွင် တန်းတူညီမျှမှုကို ပြင်းထန်စွာ ထိခိုက်စေသည်။" ဟု ဒီမိုကရေစီအင်စတီကျုက ဆက်လက်ရေးသားဖော်ပြထားသည်။

၂၀၀၈ ခုနှစ်တွင် အတိုက်အခံခေါင်းဆောင်တစ်ဦး အနေဖြင့် နေတန်ယာဟုသည် ထိုစဉ်က ဝန်ကြီးချုပ် အီဟွတ်အိုလ်မတ်အား အဂတိလိုက်စားမှု အရှုပ်တော်ပုံတစ်ခုနှင့် ရင်ဆိုင်နေရစဉ်တွင် နုတ်ထွက်ရန်တောင်းဆိုခဲ့သည်။ ထိုအချိန်က နေတန်ယာဟုက အရှုပ်တော်ပုံတွင် “သူ့လည်ပင်းအထိ” ရောက်နေပြီး ဝန်ကြီးချုပ်တစ်ဦးအနေဖြင့် အမှုရင်ဆိုင်နေစဉ် နိုင်ငံကို ဦးဆောင်ရန် အခွင့်အာဏာမရှိကြောင်းနှင့် အိုလ်မတ်သည် ၎င်း၏ ကိုယ်ရေးကိုယ်တာအကျိုးစီးပွားကို အကျိုးပြုသော ဆုံးဖြတ်ချက်များ ချမှတ်မည်ဖြစ်ပြီး နိုင်ငံ၏အကျိုးစီးပွားကို အကျိုးပြုသော ဆုံးဖြတ်ချက်များ မချမှတ်နိုင်သည့် အန္တရာယ်ရှိကြောင်း ပြောကြားခဲ့သည်။ အိုလ်မတ်အနေဖြင့် ထိုနှစ်တွင် တရားစွဲဆိုခံရခြင်းမပြုမီ ရာထူးမှနုတ်ထွက်ခဲ့ပြီး နောက်ပိုင်းတွင် ထောင်ဒဏ် ၁၆ လ ကျခံခဲ့ရသည်။ နေတန်ယာဟုအနေဖြင့် ယခုကဲ့သို့သော ဥပဒေရေးရာကိစ္စရပ်များကို စတင်ရင်ဆိုင်ရချိန်ကတည်းက ဆန့်ကျင်သော စကားများကိုသာ ပြောကြားခဲ့ပြီး မိမိကိုယ်မိမိ ရာထူးမှဖယ်ရှားရန် ကြိုးစားခြင်းခံနေရသော Deep State ပူးပေါင်းကြံစည်မှု၏ သားကောင်အဖြစ် သတ်မှတ်ပုံဖော်နေခဲ့သည်။

နေတန်ယာဟု အနေဖြင့် ၂၀၂၂ ခုနှစ်နှောင်းပိုင်းတွင် ၎င်း၏ လက်ရှိ အစိုးရကို ဖွဲ့စည်းပြီး မကြာမီတွင် အစ္စရေး၏ တရားစီရင်ရေးစနစ်ကို ပြုပြင်ပြောင်းလဲရန် အစီအစဉ် တစ်ခုကို စတင်ခဲ့သည်။ နေတန်ယာဟုက ထိုအစီအစဉ်ကို အလွန်လိုအပ်သော ပြုပြင်ပြောင်းလဲမှု တစ်ခုအဖြစ် တင်ပြခဲ့သည်။ သို့သော် ၎င်း၏ ပြိုင်ဘက်များကမူ တရားစီရင်ရေးစနစ်ကို အားနည်းစေရန်ကြိုးစားခြင်း၊ နိုင်ငံ၏ စစ်ဆေးမှုများနှင့် ချိန်ခွင်လျှာညှိမှု စနစ်ကို ထိခိုက်စေခြင်းနှင့် ရုံးတင်စစ်ဆေးခံနေရချိန်တွင် အကျိုးစီးပွား ပဋိပက္ခရှိခြင်းတို့ကို ဖြစ်စေနိုင်ကြောင်း စွပ်စွဲခဲ့ကြသည်။

ထိုအစီအစဉ်ကြောင့်ပင် အစိုးရကို ဆန့်ကျင်သော လမ်းပေါ်ထွက် ဆန္ဒပြပွဲကြီးများကို ဖြစ်ပေါ်စေခဲ့ပြီး ဝေဖန်သူများက နက်ရှိုင်းသော ကွဲပြားမှု များသည် အစ္စရေး၏ ရန်သူများထံ အားနည်းချက်သတင်းစကားတစ်ခု ပေးပို့ခဲ့ပြီး ဟားမတ်စ်အား ၂၀၂၃ ခုနှစ်တွင် တိုက်ခိုက်မှုများ စတင်ရန် တွန်းအားပေးခဲ့သည်ဟု ပြောကြားခဲ့သည်။



နေတန်ယာဟု၏ တောင်းဆိုမှုနှင့်စပ်လျဉ်း၍ တနင်္ဂနွေနေ့တွင် တုံ့ပြန်မှုများ ဖြစ်ပေါ်စေခဲ့ပြီး အတိုက်အခံများနှင့် ရှေ့နေအဖွဲ့များက သမ္မတအား ၎င်း၏ တောင်းဆိုချက်ကို မလိုက်လျောရန် ချက်ချင်းတုံ့ပြန်

ခဲ့ကြသည်။ "အပြစ်ရှိကြောင်း ဝန်ခံခြင်း၊ နောင်တရခြင်း နှင့် နိုင်ငံရေး ဘဝမှ ချက်ချင်းအနားယူခြင်းမရှိဘဲ နေရာတန်ယာဟုကို လွတ်ငြိမ်းခွင့် ပေး၍ မရပါ" ဟု အတိုက်အခံ ယာယာလာပစ်က ပြောကြားခဲ့သည်။

အစ္စရေးနိုင်ငံရှိ အရည်အသွေးပြည့်မီသော အစိုးရလုပ်ရှားမှု အဖွဲ့က လိမ်လည်မှုနှင့် ယုံကြည်မှုချိုးဖောက်မှုဆိုင်ရာ ပြင်းထန်သော ပြစ်မှုများဖြင့် စွပ်စွဲခံထားရသည့် ဝန်ကြီးချုပ်တစ်ဦးကို လွတ်ငြိမ်းခွင့် ပေးခြင်းသည် ဥပဒေအထက်တွင် ရှိနေသော နိုင်ငံသားများရှိကြောင်း ရှင်းလင်းသော သတင်းစကားတစ်ခု ပေးပို့ခြင်းဖြစ်သည်ဟု ပြောကြား ခဲ့သည်။ သို့သော် အစ္စရေးလူမျိုးအချို့က နေတန်ယာဟု၏ တောင်းဆိုချက်ကို ထောက်ခံကြောင်း ဖော်ပြခဲ့ကြသည်။

"ဘင်ဂျမင်နေတန်ယာဟု သည် လွတ်ငြိမ်းခွင့်ပေးရန် တောင်းဆို ရာတွင် လုံးဝမှန်ကန်သောအရာကို လုပ်ဆောင်ခဲ့သည်" ဟု ဂျေရုဆလင် မြို့ခံ လီယာဂယ်က ဝန်ကြီးချုပ်အား ၎င်း၏အမည်ပြောင်ဖြင့် ရည်ညွှန်း ပြောကြားခဲ့သည်။ "သူလွတ်ငြိမ်းခွင့် ရထိုက်ပါတယ်။ ဒီကိစ္စက ပြီးဆုံးသွားပြီး ပြည်သူတွေ စည်းလုံးညီညွတ်နေသင့်လို့ ဆက်လက် လုပ်ဆောင်သင့်ပါတယ်" ဟု ပြောကြားခဲ့သည်။

**ဘာသာပြန်သူ**
သိန်းထိုက်ဝင်း
ညွှန်ကြားရေးမှူး

**Source**

- https://apnews.com/article/mideast-wars-netanyahu-pardon-5dbc2461b440c8edc8d82d31650cdbe8

*********** ............ **********

# “RTK လျှောက်ထားမှုများတွင် လာဘ်ပေးမှုဖြင့် အရာရှိများအပါအဝင် ၁၁ ဦး ဖမ်းဆီးခံရ”

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် အလုပ်သမားပြန်လည်စိစစ်ရေးအစီအစဉ် (RTK) သို့ လျှောက်ထားမှုများအား အရှိန်မြှင့်ဆောင်ရွက်ပေးခဲ့ခြင်းနှင့် စပ်လျဉ်း၍ လာဘ်ပေးမှုများ လက်ခံခဲ့သည်ဟု စွပ်စွဲခံရသည့် အုပ်ချုပ်ရေးအရာရှိ ၁၀ ဦးနှင့် အငြိမ်းစား အရာရှိတစ်ဦး အပါအဝင် လူပုဂ္ဂိုလ် ၁၁ ဦးအား မလေးရှားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင် (MACC) မှ ဖမ်းဆီးထားကြောင်း သိရှိရသည်။

သတင်းအရင်းမြစ်များအရ စွပ်စွဲခံရသူများမှာ အသက် ၃၀ မှ ၅၀ ကြား အမျိုးသား ၇ ဦးနှင့် အမျိုးသမီး ၄ ဦးတို့ဖြစ်ကြပြီး ၎င်းတို့အား MACC ၏ စုံစမ်းစစ်ဆေးရေးဌာန၏ Op Bleach အမည်ရှိ စစ်ဆင်ရေးဖြင့် ကလန်းတောင်ကြားဒေသ နေရာအချို့တွင် ဖမ်းဆီးထားခြင်းဖြစ်သည်။

စွပ်စွဲခံရသူများသည် RTK အစီအစဉ်အောက်တွင် တရားမဝင်ပြောင်းရွှေ့လာသော နိုင်ငံခြားသားများအား တရားဝင်အလုပ်သမားအဖြစ် ခွင့်ပြုရန် လျှောက်ထားမှုများကို အရှိန်မြှင့်ဆောင်ရွက်ပေးခြင်းအတွက် လာဘ်ငွေများ ရရှိခဲ့သည်ဟု ယုံကြည်ရကြောင်း သတင်းအရင်းမြစ်က ဆိုသည်။

Op Bleach စစ်ဆင်ရေးသည် နိုင်ငံ၏ ဝင်ပေါက်များရှိ လုပ်ငန်းစဉ်များကို ချိုးဖောက်သည့် လုပ်ဆောင်မှုများတွင် ပါဝင်နေသော အဖွဲ့ကို ပစ်မှတ်ထားပြီး ယခင်က ဆင်နွှဲခဲ့သော Op Rentas နှင့် Op Dygo စစ်ဆင်ရေးများ၏ နောက်ဆက်တွဲ ဆောင်ရွက်ချက်တစ်ခုလည်း ဖြစ်သည်။

ဖမ်းဆီးမှုများအပြီး MACC မှ ငွေကြေး ရင်းဂစ် ၁၁၆,၀၀၀ ကျော်၊ မိုဘိုင်းဖုန်း ၁၄ လုံး၊ လက်ဝတ်လက်စားများနှင့် ရွှေခဲများ၊ ကား သုံးစီးနှင့် မော်တော်ဆိုင်ကယ် နှစ်စီးတို့ကို သိမ်းဆည်းခဲ့သည်။

MACC စုံစမ်းစစ်ဆေးရေးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒတ်စ်တူင် ဆိုင်းဖုလ် အဇ်ဇရယ် အရီဖင်မှ ဖမ်းဆီးမှုများကို အတည်ပြုခဲ့ပြီး အမှုကို MACC အက်ဥပဒေ ၂၀၀၉ ခုနှစ်၊ ပုဒ်မ ၁၇ အရ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။

စွပ်စွဲခံရသူအားလုံးကို နို၀င်ဘာလ ၁၃ ရက်နေ့တွင် ပူထာဂျာယာ တရားရုံးသို့ ခေါ်ဆောင်ကာ ထိန်းသိမ်းစစ်ဆေးခွင့် တောင်းဆိုမည်ဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

**ဘာသာပြန်သူ**
ဒေါ်စုမြတ်နိုင်
လ/ထညွှန်ကြားရေးမှူး

**Source**

- [https://www.nst.com.my/news/nation/2025/11/1313856/op-bleach-11-including-officers-held-bribery-rtk-applications](https://www.nst.com.my/news/nation/2025/11/1313856/op-bleach-11-including-officers-held-bribery-rtk-applications)

***********............**********

## "နီပေါနိုင်ငံ ယာယီ၀န်ကြီးချုပ်က အဂတိလိုက်စားမှုများကို အဆုံးသတ်ရန် ကတိပြု"

နီပေါနိုင်ငံတွင် ရက်ပေါင်းများစွာ အကြမ်းဖက်ဆန္ဒပြမှုများ ဖြစ်ပွားပြီးနောက် လက်ရှိယာယီ၀န်ကြီးချုပ် တရားသူကြီးချုပ်ဟောင်း ဆူရှီ

လာကာကီက "တည်ငြိမ်အေးချမ်းစွာ ပူးပေါင်းဆောင်ရွက်သွားရန်" တိုက်တွန်းခဲ့သည်။ အစိုးရကို ဖြုတ်ချရန် ဦးတည်စေခဲ့သော အဂတိလိုက်စားမှု ဆန့်ကျင်ရေးဆန္ဒပြပွဲများတွင် အနည်းဆုံး လူ ၇၂ ဦး သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

နီပေါနိုင်ငံ၏ ယာယီဝန်ကြီးချုပ် ဆူရှီလာကာကီသည် တနင်္ဂနွေနေ့တွင် အနည်းဆုံး လူ ၇၂ ဦးသေဆုံးခဲ့သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆန္ဒပြပွဲများ ဖြစ်ပွားပြီးနောက် ဟိမဝန္တာနိုင်ငံကို ပြန်လည်တည်ဆောက်ရန် "တည်ငြိမ်အေးချမ်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှု" ပြုလုပ်ရန် တောင်းဆိုခဲ့သည်။

"Gen Z" လူငယ်ဆန္ဒပြပွဲများက အစိုးရကို ပြုတ်ကျစေခဲ့သည်အထိ ဖြစ်ခဲ့ပြီး ယာယီဝန်ကြီးချုပ်ဖြစ်ခဲ့သူ ယခင်တရားသူကြီးချုပ်က "အဂတိလိုက်စားမှုများကို အဆုံးသတ်ရန်" ဆိုသည့် ဆန္ဒပြသူများ၏ တောင်းဆိုချက်များကို လိုက်နာမည်ဟု ကတိပြုခဲ့သည်။

"ကျွန်မတို့ဟာ Gen Z မျိုးဆက်ရဲ့ အတွေးအခေါ်အတိုင်း လုပ်ဆောင်ရပါမယ်" ဟု ရာထူးတာဝန်ယူပြီးနောက် သူမ၏ ပထမဆုံး အများပြည်သူရှေ့မိန့်ခွန်းပြောကြားရာတွင် ဆူရှီလာကာကီ က ထည့်သွင်းပြောကြားခဲ့သည်။

"လူငယ်တွေ တောင်းဆိုနေတာက အဂတိလိုက်စားမှုတွေ အဆုံးသတ်ဖို့နဲ့ ကောင်းမွန်သော အုပ်ချုပ်မှုနဲ့ စီးပွားရေး တန်းတူညီမျှမှု ရရှိဖို့ပါ" ဟု သူမက ထပ်လောင်းပြောကြားခဲ့သည်။ "ပြည်သူတွေနဲ့ ကျွန်မက ဒါကိုဖြည့်ဆည်းဖို့ စိတ်ပိုင်းဖြတ်ထားရမည်" ဟု ပြောကြားခဲ့သည်။

တက်ကြွလှုပ်ရှားသူများသည် Discord အက်ပ်ကို အသုံးပြု၍ ဆူရှီလာကာကီကို ၎င်းတို့၏ ခေါင်းဆောင်အဖြစ် ရွေးချယ်ရန် အမည်ပေးခဲ့ကြပြီး ကာကီ က လူငယ်များ၏ ဆန္ဒကို အသိအမှတ်ပြုခဲ့သည့် လုပ်ငန်းစဉ်

တစ်ခုဖြစ်သည်။ "ကျွန်မ ရောက်လာတဲ့ အခြေအနေမှာ ဒီကို လာချင်ခဲ့တာ မဟုတ်ပါဘူး။ ကျွန်မရဲ့ နာမည်ကို လမ်းမတွေပေါ်ကနေ ယူဆောင်လာခဲ့တာ" ဟု ကာကီ က ထုတ်ဖော် ပြောကြားခဲ့သည်။



ယာယီခေါင်းဆောင်က သူမသည် ရာထူးတွင် ကြာရှည်စွာ နေရမည် မဟုတ်ဘဲ အစိုးရသစ်ထံ အာဏာလွှဲပြောင်းပေးမည်ဟု ကတိပြုကြောင်း ပြောကြားခဲ့သည်။

"ဘယ်အခြေအနေမျိုးမှာမဆို ကျွန်မတို့ ဒီမှာ ခြောက်လထက် ပိုမနေပါဘူး၊ ကျွန်မတို့ရဲ့ တာဝန်တွေကို ပြီးမြောက်အောင် လုပ်ဆောင်ပြီး နောက်လွှတ်တော်နဲ့ ဝန်ကြီးတွေကို လွှဲပြောင်းပေးမယ်လို့ ကတိပြုပါမယ်" ဟု သူမက နိုင်ငံတော်သို့ မိန့်ခွန်းပြောကြားရာတွင် ထပ်လောင်းပြောကြားခဲ့သည်။

သမ္မတ Ram Chandra Poudel အနေဖြင့်လည်း လွှတ်တော်ကို ဖျက်သိမ်းပြီး ဝန်ကြီးချုပ်သစ်၏ အကြံပြုချက်အရ မတ်လ ၅ ရက်နေ့ကို ရွေးကောက်ပွဲ ကျင်းပမည့် ရက်အဖြစ် သတ်မှတ်ခဲ့သည်။

ရာထူးမှဖြုတ်ချခံရသော ဝန်ကြီးချုပ် Khadga Prasad Oli ၏ အစိုးရမှ လူမှုမီဒီယာ ပိတ်ပင်မှုကြောင့် အကြမ်းဖက်ဆန္ဒပြမှုများ ဖြစ်ပွားခဲ့ပြီး နှစ်ရက်ကြာ အကြမ်းဖက်ဆန္ဒပြမှုများအတွင်း အနည်းဆုံး လူ ၇၂ ဦး သေဆုံးခဲ့ရသည်။

အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ် Eaknarayan Aryal ၏ ပြောကြားချက်အရ နောက်ထပ် ၁၉၁ ဦး ဒဏ်ရာရရှိခဲ့သည်ဟုသိရသည်။

လူမှုမီဒီယာ ပိတ်ပင်မှုကို ရုပ်သိမ်းလိုက်သော်လည်း နီပေါနိုင်ငံ၏ ရေရှည် စီးပွားရေးပြဿနာများနှင့် ပတ်သက်သည့် ပိုမိုကျယ်ပြန့်သော ကိစ္စရပ်များကြောင့် မငြိမ်မသက်မှုများ ဖြစ်ပွားခဲ့သည်။

ထို့နောက် လူငယ်ဆန္ဒပြသူ ထောင်ပေါင်းများစွာသည် လူမှုမီဒီယာနှင့် Discord အက်ပ်ကို အသုံးပြု၍ ကာကီကို ၎င်းတို့၏ ခေါင်းဆောင်အဖြစ် တင်မြှောက်ခဲ့ကြသည်။

၎င်းသည် ပြည်တွင်းစစ် ပြီးဆုံးပြီး ၂၀၀၈ ခုနှစ်တွင် ဘုရင်စနစ် ဖျက်သိမ်းပြီးနောက် ဆယ်စုနှစ်တစ်ခုကြာတွင် ပြန်လည်ဖြစ်ပွားခဲ့သည့် အဆိုးရွားဆုံး မငြိမ်မသက်မှုဖြစ်သည်။

**ဘာသာပြန်သူ**
သိန်းထိုက်ဝင်း
ညွှန်ကြားရေးမှူး

**Source**

- https://www.dw.com/en/nepals-interim-pm-vows-to-end-corruption/a-73988378

***********............**********

## “ဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇက်၏ ဇနီး ရိုဇ်မာအား ငွေကြေးလိမ်လည်မှု၊ အခွန်ရှောင်မှုစသည်တို့ ကျူးလွန်ထားကြောင်းကို သက်သေပြနိုင်ခြင်း မရှိကြောင်းထုတ်ပြန်”

မလေးရှားအစိုးရရှေ့နေသည် ဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇက်၏ ဇနီး ရိုဇ်မာမန်ဆော်အား ငွေကြေးလိမ်လည်မှုနှင့် အခွန်တိမ်းရှောင်မှု စွဲချက်များဖြင့် တရားရုံးမှ အပြစ်မရှိကြောင်း စီရင်ထားသည့်အမှုအပေါ် တင်သွင်းထားသော အယူခံကို အောင်မြင်နိုင်ခြေ မရှိသဖြင့် ရုတ်သိမ်းလိုက်ကြောင်းသိရသည်။

၂၀၁၈ ခုနှစ်မှစ၍ နာဂျစ်နှင့် သူ၏ဇနီးသည် မလေးရှားနိုင်ငံ၏ ဘီလျံပေါင်းများစွာပါဝင်သည့် 1MDB အရှုပ်တော်ပုံနှင့် ဆက်နွယ်သည့် အကျင့်ပျက်ခြစားမှု စုံစမ်းစစ်ဆေးမှုများတွင် ပါဝင်လာခဲ့ရပြီး ၎င်းတို့နှစ်ဦးစလုံးက အပြစ်ရှိမကြောင်း အမြဲတမ်း ငြင်းဆိုထားကြသည်။

ရိုဇ်မာသည် ၎င်း၏ အလွန်အမင်း ခမ်းနားလှသည့် လူနေမှုဘဝနှင့် အဆင့်မြင့် လက်ကိုင်အိတ်များကို နှစ်သက်စွာ သုံးစွဲမှုကြောင့် မလေးရှားပြည်သူများအကြား ဝေဖန်ခံနေရသူဖြစ်ပြီး ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ကွာလာလမ်ပူ တရားရုံးချုပ်မှ ငွေကြေးခဝါချမှု စွဲချက် ၁၂ ခုနှင့် အခွန်ရှောင်မှု စွဲချက် ၅ ခုအပေါ် အပြစ်မရှိကြောင်း စီရင်ခဲ့သည်။

ရှေ့နေချုပ်ရုံးက အစပိုင်းတွင် အဆိုပါ စီရင်ချက်ကို အယူခံတင်ရန် ဆုံးဖြတ်ခဲ့သော်လည်း အင်္ဂါနေ့တွင် အယူခံကို ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း ထုတ်ပြန်ခဲ့ပြီး ရိုဇ်မာအပေါ် စွဲချက်များကို သက်သေပြနိုင်ခြေ မရှိကြောင်း ဆိုခဲ့သည်။



"အယူခံကို ဆက်လက်လုပ်ဆောင်ပါက အမှုကို သံသယကင်းရှင်းစွာ သက်သေပြနိုင်မည် မဟုတ်ပါ။ အကြောင်းမှာ အမှုအား သက်သေပြရန် လိုအပ်သော အရေးကြီးသက်သေခံများသည် ကွယ်လွန်သွားပြီ ဖြစ်သော ကြောင့်ဖြစ်သည်" ဟု ရှေ့နေချုပ်ရုံး က ကြာသပတေးနေ့တွင် ထုတ်ပြန်ခဲ့သည်။

ရိုဇ်မာ၏ ရှေ့နေ အာမားဟာမ်ဇာအာရှာဒ်က ယခုဆုံးဖြတ်ချက်ကို ကြိုဆိုကြောင်း ပြောကြားခဲ့ပြီး ရိုဇ်မာသည် အမှုအဆက်ဆက်အတွင်း မိမိ အပြစ်မရှိကြောင်း အမြဲတမ်း ထုချေပြောဆိုလာခဲ့ကြောင်း ပြောဆိုသည်။ သို့သော် အဆိုပါအယူခံရုပ်သိမ်းခြင်းသည် ရိုဇ်မာအပေါ် ဆက်လက် ကြားနာနေသော အခြားအမှုများအပေါ် မထိခိုက်စေကြောင်း ရှေ့နေချုပ် ရုံးက ပြောကြားခဲ့သည်။

ရိုဇ်မာသည် ၂၀၂၂ ခုနှစ်၊ နာဂျစ်အစိုးရလက်ထက်တွင် အမေရိကန် ဒေါ်လာ ၂၇၉ သန်းတန်ဖိုးရှိ နေရောင်ခြည်စွမ်းအင် စီမံကိန်းတစ်ရပ် ရရှိစေရန် လာဘ်တောင်းခံမှုနှင့်ရယူမှုဖြင့် ထောင်ဒဏ် ၁၀ နှစ်ချမှတ်

ခံထားရပြီး လက်ရှိတွင် အယူခံတင်ထားသဖြင့် အာမခံဖြင့် လွတ်လပ်နေဆဲဖြစ်သည်။

ရှေ့နေချုပ်ရုံးမှ ရိုဇ်မာမန်ဆော်အား အပြစ်မရှိကြောင်း စီရင်ထားသည့် အမှုအပေါ် အယူခံရုပ်သိမ်းလိုက်ခြင်းသည် အကျင့်ပျက်ခြစားမှုနှင့် ငွေကြေး ခဝါချမှုတွင် ပြစ်မှုထင်ရှားသဖြင့် ထောင်ဒဏ် ၆ နှစ်ကျခံနေရသော ၎င်း၏ခင်ပွန်း နာဂျစ်ပါဝင်သည့် အဓိကတရားရုံး၏ စီရင်ချက်မချမီ ထွက်ပေါ်လာခြင်းဖြစ်သည်။

ဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇက်၏ ပြစ်ဒဏ်ချမှတ်ခံရမှုသည် ၂၀၀၉ ခုနှစ်၊ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ဘီလျံပေါင်းများစွာ ခိုးယူခဲ့သည်ဆိုသည့် စွဲချက်များနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခဲ့သည့် အမှုများအနက်မှ တစ်ခုဖြစ်သည်။

ကွာလာလမ်ပူ တရားရုံးချုပ်သည် ဒီဇင်ဘာလ၊ ၂၂ ရက်တွင် နာဂျစ်အား နေအိမ်အကျယ်ချုပ်ဖြင့် ထောင်ဒဏ်ကျခံခွင့်ပြုမပြု ဆုံးဖြတ်မည်ဖြစ်ပြီး ဒီဇင်ဘာလ ၂၆ ရက်တွင် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေး ရန်ပုံငွေ အလွဲသုံးစားမှုအပေါ် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေ အလွဲသုံးစားမှုနှင့် ဆက်နွယ်သော အချို့သော စွဲချက်များကို ရုပ်သိမ်းထားပြီး ဖြစ်သော်လည်း စွဲချက်အားလုံးကို ငြင်းဆိုထားဆဲဖြစ်သည်။

**ဘာသာပြန်သူ**
ဒေါ်ထက်ထက်အောင်
ဦးစီးအရာရှိ

**Source**

https://sc.mp/1tp5t?utm_source=copy

***********…………**********

## "ကမ္ဘာလုံးဆိုင်ရာ နိုင်ငံရေးမငြိမ်မသက်ဖြစ်မှု - ၂၀၂၅ ခုနှစ်တွင် ကမ္ဘာကြီးကို တုန်လှုပ်စေခဲ့သော အရှုပ်တော်ပုံ ၅ ခု"

၂၀၂၅ ခုနှစ်အတွင်း ကမ္ဘာတစ်ဝှမ်း အရှုပ်တော်ပုံများ ဖြစ်ပွားခဲ့သည့် သတင်းများသည် သတင်းခေါင်းကြီးပိုင်းများနှင့် အရေးပါသော သတင်းများအဖြစ် ပါဝင်ခဲ့ပြီး၊ လူထုယုံကြည်မှုကို ထိခိုက်စေကာ အစိုးရများကို ပြန်လည်ပုံဖော်ခဲ့သော ၂၀၂၅ ခုနှစ်သည် နိုင်ငံရေးအုံကြွမှုနှစ်တစ်နှစ်ဖြစ်ခဲ့သည်။ ဤဖြစ်ရပ်များသည် နိုင်ငံရေးစနစ်များတွင် အားနည်းချက်များနှင့် ထိန်းချုပ်မှုမရှိသော အာဏာ၏ အကျိုးဆက်များကို မီးမောင်းထိုးပြနေသည်ဟု လေ့လာသုံးသပ်သူများက ပြောကြားခဲ့သည်။ အောက်ဖော်ပြပါ ဖြစ်ရပ် ၅ ခု သည် ၂၀၂၅ ခုနှစ် အတွင်း ကမ္ဘာ့ဇာတ်ခုံတွင် လွှမ်းမိုးခဲ့သော အဓိက နိုင်ငံရေးအရှုပ်တော်ပုံများ ဖြစ်ခဲ့သည်-

**အမေရိကန်သမ္မတ၏ ငွေကြေး အရှုပ်တော်ပုံ**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် သည် ၎င်း၏ စီးပွားရေးလုပ်ငန်းများနှင့် ရွေးကောက်ပွဲ ရန်ပုံငွေများနှင့် ဆက်စပ်နေသော ဘဏ္ဍာရေးဆိုင်ရာ မသမာမှုများ စွပ်စွဲချက်များနှင့် စပ်လျဉ်း၍ ပြန်လည်စစ်ဆေးမှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ စုံစမ်းစစ်ဆေးမှုကြောင့် မီဒီယာများ၏ ပြင်းထန်သော ဖော်ပြမှုများ၊ လွှတ်တော်ကြားနာမှုများနှင့် ဥပဒေရေးရာ တိုက်ပွဲများ ပေါ်ပေါက်လာခဲ့ပြီး နိုင်ငံရေးတာဝန်ခံမှုနှင့်ပတ်သက်၍ မေးခွန်းထုတ်စရာများပေါ်ပေါက်လာခဲ့သည်။

## EU ခေါင်းဆောင်မှုဆိုင်ရာ အဂတိလိုက်စားမှု စွပ်စွဲချက်များ




အဆင့်မြင့်အရာရှိများစွာသည် အီးယူဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေများကို အလွဲသုံးစားပြုသည်ဟု စွပ်စွဲခံရပြီးနောက် ဥရောပသမဂ္ဂတွင် အဓိကအရှုပ်တော်ပုံတစ်ခု ပေါ်ပေါက်လာခဲ့ပြီး ရာထူးမှ

နုတ်ထွက်မှုများနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများထံမှ ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်မှုများ ဖြစ်ပေါ်စေခဲ့သည်။

**ဘရာဇီးပတ်ဝန်းကျင်ဆိုင်ရာမူဝါဒ အငြင်းပွားမှု**


အမေဇုန်မိုးသစ်တောတွင် ပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းများကို ရှောင်ကွင်းပြီး ပုဂ္ဂလိကလုပ်ငန်းများကို အကျိုးပြုကြောင်း ဖော်ပြအကြံပြုထားသော ပေါက်ကြားစာရွက်စာတမ်းများ ထွက်ပေါ်လာပြီးနောက် ဘရာဇီး အာဏာပိုင်များသည် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။

**ယူကေပါလီမန်လော်ဘီလုပ်မှုအရှုပ်တော်ပုံ**

ယူနိုက်တက်ကင်းဒမ်းတွင် အကြီးတန်း ပါလီမန်အမတ်များသည် လော်ဘီလုပ်ခြင်းနှင့် ဩဇာလွှမ်းမိုးမှု အရှုပ်တော်ပုံတွင် ပါဝင်ပတ်သက်ခဲ့ပြီး ပေါက်ကြားလာသော ဆက်သွယ်မှုများအရ အစိုးရစာချုပ်များနှင့် ဥပဒေပြုရေးဆုံးဖြတ်ချက်များအပေါ် မသင့်လျော်သော လွှမ်းမိုးမှုများကို ထုတ်ဖော်ပြသခဲ့သည်။

**အာဖရိက ရွေးကောက်ပွဲ လှည့်စားမှု စွပ်စွဲချက်များ**

အာဖရိကနိုင်ငံ အများစုသည် ရွေးကောက်ပွဲ မသမာမှုနှင့် မဲလိမ်လည်မှုစွပ်စွဲချက်များ ပေါ်ပေါက်လာသည်နှင့်အမျှ နိုင်ငံရေးမငြိမ်မသက်မှုများကို တွေ့မြင်ခဲ့ရပြီး ဆန္ဒပြမှုများနှင့် နိုင်ငံတကာမှ ရှုတ်ချမှုများ ဖြစ်ပေါ်စေခဲ့သည်။ ဤဖြစ်ရပ်များသည် ရွေးကောက်ပွဲအဖွဲ့အစည်းများ၏ အားနည်းချက်များကို ဖော်ထုတ်ပြီး ဒေသတွင်းတည်ငြိမ်မှုကို ခြိမ်းခြောက်နေသည်ဟု လေ့လာသုံးသပ်သူများက ပြောကြားသည်။



နိုင်ငံရေး အရှုပ်တော်ပုံများသည် နိုင်ငံနယ်နိမိတ်များကို ကျော်လွန်၍ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှု၊ လူထုယုံကြည်မှုနှင့် နိုင်ငံတကာ

ဆက်ဆံရေးကို လွှမ်းမိုးသည့် ကျယ်ပြန့်သော သက်ရောက်မှုများ ရှိကြောင်း ကျွမ်းကျင်သူများက ထောက်ပြကြသည်။

"အရှုပ်တော်ပုံများသည် ပြည်တွင်းဖြစ်ရပ်များသာမက နယ်စပ်များကို ဖြတ်ကျော်ပြီး သံတမန်ရေး၊ ဈေးကွက်များနှင့် ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုကိုပါ ထိခိုက်စေသည်" ဟု ကိပ်တောင်းတက္ကသိုလ်မှ နိုင်ငံရေး လေ့လာသုံးသပ်သူ ဒေါက်တာ အယ်လီနာအမ်ဘီကီ က ပြောကြားခဲ့သည်။

စုံစမ်းစစ်ဆေးမှုများနှင့် တရားဥပဒေဆိုင်ရာ လုပ်ငန်းစဉ်များ ဆက်လက်လုပ်ဆောင် လာသည်နှင့်အမျှ လာမည့်လများတွင် ဤအရှုပ်တော်ပုံများသည် အဓိပ္ပာယ်ရှိသော ပြုပြင်ပြောင်းလဲမှုများ သို့မဟုတ် နိုင်ငံရေး ပြန်လည်ဖွဲ့စည်းမှုသက်သက်ဆီသို့ ဦးတည်သွားခြင်း ရှိ၊ မရှိကို ဆုံးဖြတ်ပေးမည်ဖြစ်သည်။

**ဘာသာပြန်သူ**
သိန်းထိုက်ဝင်း
ညွှန်ကြားရေးမှူး

**Source**

- [https://rankbank.org/2025/11/12/global-politics-in-turmoil-5-scandals-that-shook-the-world-in-2025/](https://rankbank.org/2025/11/12/global-politics-in-turmoil-5-scandals-that-shook-the-world-in-2025/)

***********............**********

# "နီပေါနိုင်ငံရှိ လေဆိပ်တည်ဆောက်ရေးလုပ်ငန်းတွင် ကုန်ကျစရိတ် ဒေါ်လာ ၇၄ သန်း ပိုမိုသုံးစွဲမှုကြောင့် တာဝန်ရှိသူများအား အဂတိလိုက်စားမှုဖြင့် တရားစွဲဆိုလိုက်ခြင်း"




နီပေါနိုင်ငံ၏ ဝန်ကြီးဟောင်းများ၊ တာဝန်ရှိသူများနှင့် တရုတ်ကုမ္ပဏီတစ်ခုတို့သည် နိုင်ငံတကာလေဆိပ်တစ်ခု တည်ဆောက်ရေးကာလအတွင်း ဘဏ္ဍာရေးဆိုင်ရာ မမှန်မကန် ပြုလုပ်မှုများအတွက် အဂတိလိုက်စားမှုဖြင့် စွဲချက်တင်ခံခဲ့ရသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ အာဏာအလွဲသုံးစားပြုမှု စုံစမ်းစစ်ဆေးရေးကော်မရှင် (Commission for Investigation of Abuse of Authority) သည် လူ ၅၅ ဦးနှင့် တရုတ်နိုင်ငံမှ China CAMC Engineering Company Limited တို့ကို စွဲချက်တင်တရားစွဲဆိုခဲ့သည်။ ၎င်းသည် ဟိမဝန္တာတောင်တန်းဒေသတွင် အကြီးမားဆုံး အဂတိလိုက်စားမှုဆိုင်ရာ စွဲချက်တင်မှုများထဲမှ တစ်ခုဖြစ်ပြီး တည်ဆောက်ရေး ကုန်ကျစရိတ်များကို ဒေါ်လာ ၇၄ သန်းကျော်အထိ ပိုမိုသုံးစွဲခဲ့သည်ဟု စွပ်စွဲထားသည်။ တရားရုံးကြားနာမှုကို မည်သည့်အချိန်တွင် စတင်မည်ကို ရှင်းရှင်းလင်းလင်း မသိရသေးပါ။

အစိုးရနှင့် သက်ဆိုင်သည့် အကျင့်ပျက်ခြစားမှုများကို ကိုင်တွယ်သော ခတ္တမန္ဒူမြို့ရှိ အထူးတရားရုံးတွင် တရုတ်ကုမ္ပဏီမှ တာဝန်ရှိသူနှစ်ဦးကို စွဲချက်တင်ထားသည်။ ၂၀၁၂ ခုနှစ်တွင် အစိုးရနှင့် သဘောတူခဲ့သော တင်ဒါပမာဏမှာ ဒေါ်လာ ၁၆၉.၆ သန်း ဖြစ်သော်လည်း နီပေါအစိုးရ အရာရှိများက တရုတ်ကုမ္ပဏီနှင့် ပူးပေါင်း၍ ပမာဏကို ဒေါ်လာ ၂၄၄ သန်းကျော်အထိ တိုးမြှင့်ခဲ့သည်ဟု ကော်မရှင်က ပြောကြားခဲ့သည်။

ခတ္တမန္ဒူမြို့၏ အနောက်ဘက် ကီလိုမီတာ ၂၀၀ (၁၂၅ မိုင်) အကွာရှိ အပန်းဖြေမြို့ဖြစ်သော ပိုခါရာရှိ အဆိုပါလေဆိပ်ကို China Exim Bank မှ ချေးငွေဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် နီပေါနိုင်ငံရှိ တောင်တက်လမ်းကြောင်းများစွာ၏ အစပြုရာ ခရီးသွားမြို့ဖြစ်သော ပိုခါရာသို့ နိုင်ငံခြားခရီးသွားများကို ဆွဲဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ခဲ့သည်။ သို့သော် ဒေသတွင်းသတင်းများအရ ၂၀၂၃ ခုနှစ်တွင် စတင်လည်ပတ်ခဲ့သော်လည်း နိုင်ငံတကာ လေကြောင်းလိုင်းများကို ဆွဲဆောင်နိုင်ခြင်း မရှိသေးပေ။ နီပေါနိုင်ငံတွင် တရားရုံးအမှုများသည် ဖြေရှင်းရန်အတွက် လပေါင်းများစွာမှ နှစ်ပေါင်းများစွာအထိ ကြာမြင့်နိုင်သည်။

တောင်အာရှနိုင်ငံတွင် အဂတိလိုက်စားမှုသည် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားလျက်ရှိသည်။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလတွင်လည်း လူငယ်များဦးဆောင်သော အဂတိလိုက်စားမှု ဆန့်ကျင်ရေးဆန္ဒပြပွဲများ အကြီးအကျယ်ဖြစ်ပွားခဲ့ပြီး လူပေါင်းများစွာ သေဆုံးခဲ့ကာ အစိုးရကို နုတ်ထွက်ရန် တွန်းအားပေးခဲ့ပြီး ကြားဖြတ်အုပ်ချုပ်ရေးကို ဖွဲ့စည်းခဲ့ရသည်။ နီပေါနိုင်ငံတွင် လာမည့်မတ်လတွင် အထွေထွေရွေးကောက်ပွဲများ ကျင်းပရန် မျှော်မှန်းထားသည်။

**ဘာသာပြန်သူ**

နန်းမြကြာခြည်

ဒုတိယညွှန်ကြားရေးမှူး

**Source:**

- https://www.independent.co.uk/news/nepal-chinese-kathmandu-corruption-himalayan-b2881486.html

***********............**********

## "ဗီယက်နမ်အစိုးရစစ်ဆေးရေးဌာနအနေဖြင့် လုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်နေ"




အစိုးရစစ်ဆေးရေးဌာန စစ်ဆေးရေးမှူးချုပ် Doan Hong Phong က ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း ဌာနများနှင့် ဌာနခွဲများမှ စုံစမ်းစစ်ဆေးမှု ၄၂ ခု ပြုလုပ်ခဲ့ကြောင်း၊ စစ်ဆေးမှု ၂၃ ခုမှ အပြီးသတ်စစ်ဆေးမှုရလဒ် ၃၀ ခုကို ထုတ်ပြန်ခဲ့ကြောင်းနှင့် ၂၀၂၂ နှင့် ၂၀၂၃ ခုနှစ်များအတွက် ပိုင်ဆိုင်မှုနှင့် ဝင်ငွေကို စစ်ဆေးအတည်ပြုချက် ထုတ်ပြန်ခြင်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း ထုတ်ပြန်ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ် အောက်တိုဘာလအတွက် လုပ်ငန်းရလဒ်များဆိုင်ရာ အစီရင်ခံစာတွင် အစိုးရစစ်ဆေးရေးမှူး၏ ခေါင်းဆောင်မှုသည် ဌာနများ၊ ဌာနခွဲများနှင့် ယူနစ်များအား ၎င်းတို့၏ လုပ်ငန်းအရည်အသွေးနှင့် ထိရောက်မှု မြှင့်တင်ရန် အလေးထား ကြိုးကြပ်ဆောင်ရွက်နေကြောင်း ပြသနေသည်။ ၂၀၂၅ လုပ်ငန်းအစီအစဉ်နှင့် လုပ်ငန်းရပ်များအရ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်မှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပြီး လုပ်ငန်းနယ်ပယ်အားလုံးတွင် မမျှော်လင့်ထားသော လုပ်ငန်းတာဝန်များကို တာဝန်ပေးအပ် ဆောင်ရွက်နိုင်ခဲ့သည်။

အထူးသဖြင့် ၁၅ ကြိမ်မြောက် အမျိုးသားလွှတ်တော်၏ ၁၀ ကြိမ်မြောက် အစည်းအဝေးအတွက် အကြောင်းအရာ ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့ခြင်း၊ အခက်အခဲနှင့် အတားအဆီးများ ရင်ဆိုင်နေရသော စီမံကိန်းများကို အထူးစစ်ဆေးခြင်းဆိုင်ရာ ရလဒ်များကို ထုတ်ပြန်နိုင်ခဲ့ခြင်း၊ ၂၀၂၆ ခုနှစ် စစ်ဆေးရေးအစီအစဉ်အတွက် အစီအမံများ ထုတ်ပြန်ခြင်းနှင့် ဗီယက်နမ်စစ်ဆေးရေးမှူး၏ ရိုးရာနေ့ နှစ် ၈၀ ပြည့် အထိမ်းအမှတ်အဖြစ် လုပ်ငန်းများကို အကောင်အထည်ဖော်ခြင်းကို အရှိန်မြှင့်တင်ခြင်းတို့ကို အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ခဲ့သည်။

အောင်မြင်မှုများအနေဖြင့် အောက်တိုဘာလတွင် အစိုးရစစ်ဆေးရေးမှူးသည် ၎င်း၏ ၂၀၂၅ စစ်ဆေးရေးအစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်နိုင်ခဲ့ပြီး ဗဟိုဦးဆောင်ကော်မတီနှင့် ဝန်ကြီးချုပ်၏ ညွှန်ကြားချက်အတိုင်း အကြောင်းအရာနှစ်ခုကို စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ တစ်ချိန်တည်းမှာပင် အခက်အခဲနှင့် အတားအဆီးများ ကြုံတွေ့နေရသော စီမံကိန်းများအပေါ် စစ်ဆေးရေးအစီရင်ခံချက်များကို ထုတ်ပြန်ခဲ့ပြီး နိုင်ငံတော်အေဂျင်စီများ၊ အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းများမှ နိုင်ငံပိုင်မြေယာပိုင်ဆိုင်မှု စီမံခန့်ခွဲမှုနှင့် အသုံးပြုမှုများတွင်

လေလွှင့်မှုများမှကာကွယ်ခြင်း၊ တိုက်ဖျက်ခြင်းဆိုင်ရာ အကြောင်းအရာများကို အလေးထားစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်နိုင်ခဲ့သည်။

**ဘာသာပြန်သူ**
သိန်းထိုက်ဝင်း
ညွှန်ကြားရေးမှူး

**Source**

- https://baochinhphu.vn/thanh-tra-chinh-phu-tiep-tuc-nang-cao-chat-luong-hieu-qua-cong-tac-102251113101433425.htm

***********............**********

## "ယူကရိန်းကို လွှမ်းမိုးနေသော အဂတိလိုက်စားမှု"

ယူကရိန်းသမ္မတ Volodymyr Zelensky ၏ ရုံးသည် ဇူလိုင်လတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းများ၏အာဏာကို လျှော့ချရန် လုပ်ဆောင်ခဲ့ပြီး ရက်အနည်းငယ်အကြာတွင် အနောက်နိုင်ငံများ၏ ဝေဖန်မှုများကြောင့် စိစ်ပွဲကြီးတစ်ခု စတင်ဖြစ်ပွားခဲ့ပြီး ပထမဆုံးသော လူထုဆန္ဒပြပွဲများကြောင့် ဥပဒေအသစ်တစ်ရပ်ကို အလျင်စလိုရုပ်သိမ်းခဲ့ရသည်။ ယခုအချိန်တွင် လူထုဆန္ဒပြပွဲများ လပေါင်းများစွာ ငြိမ်သက်နေခဲ့ရခြင်းမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အေဂျင်စီများ၏ ထင်ရှားသော ဖော်ထုတ်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့်ဖြစ်သည်။

လွန်ခဲ့သော (၆) လခန့်က ယူကရိန်းလုံခြုံရေးဌာန (SBU) သည် ယူကရိန်းအမျိုးသား အဂတိလိုက်စားမှု တိုက်ဖျက်ရေးဗျူရို (NABU) မှ စုံစမ်းစစ်ဆေးသူများကို ကြီးမားသောစစ်ဆင်ရေးတစ်ခု ပြုလုပ်စေခဲ့ပြီး၊ ၎င်းသည် အနောက်တိုင်း၏ အကြံပြုချက်များဖြင့် ၂၀၁၅ခုနှစ်တွင် တည်ထောင်ခဲ့သည့် လွတ်လပ်သော ဗျူရိုတစ်ခုဖြစ်သည့် စုံစမ်းစစ်ဆေးမှု

များတွင် မကြာခဏပါဝင်ပတ်သက်လေ့ရှိသော ရိုးရာဥပဒေစိုးမိုးရေး အေဂျင်စီများကို လိုက်နာရန်မလိုဟုယူဆကြသော အာဏာရှိသည့် အထက်တန်းလွှာများ၏ အဂတိလိုက်စားမှုများကို တိုက်ဖျက်ရန်ဖြစ်သည်။

NABU စုံစမ်းစစ်ဆေးသူများသည် SBU စစ်ဆင်ရေးတွင် ဖော်ပြထားသည့်အချက်မှာ ရုရှားက အလိုရှိသော နိုင်ငံရေးသမားများနှင့် Kremlin တို့ ပူးပေါင်းဆောင်ရွက်နေခြင်းကြောင့် ဖြစ်သည်ဟုဆိုပါသည်။ “အဂတိလိုက်စားမှုတိုက်ဖျက်ရေး အခြေခံအရင်းအမြစ်သည် ရုရှား၏ လွှမ်းမိုးမှုမရှိဘဲ အလုပ်လုပ်ရမည်ဖြစ်ပြီး ၎င်းကို ရှင်းလင်းရန် လိုအပ်သည်” ဟု Zelensky က ထိုအချိန်က ပြောကြားခဲ့သည်။ ပါလီမန်သည် NABU နှင့် ဆက်စပ်အဖွဲ့အစည်းများ၏ အာဏာများကို ကန့်သတ်ရန် မဲပေးဆောင်ရွက်ခြင်းများကိုလည်း အလျင်အမြန်ပြုလုပ်ခဲ့သည်။



အချို့သောအသိုင်းအဝိုင်းများက  သမ္မတ Zelensky သည် ပြင်ပထိန်းချုပ်မှုကို ဖယ်ရှားလိုသည့် ဆန္ဒအဖြစ် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု ရှုမြင်ကြသည်။ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ အစိုးရသစ်တွင် အခြားသော နိုင်ငံများသည် ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးရေးကို

မြှင့်တင်ရန် စိတ်ဝင်စားမှု အနည်းငယ်သာရှိခဲ့သည်။ ဥရောပတွင် ယူကရိန်း မြို့တော်ကီယက်ဗ်၏ ပြည်တွင်းမငြိမ်မသက်မှုသည် ရုရှားကျူးကျော်မှုကို တိုက်ခိုက်မှုကြောင့်ဖြစ်ပြီး၊ ယူကရိန်း၏ လူ့အဖွဲ့အစည်းသည်လည်း စစ်ပွဲကြောင့် အလွန်ပင်ပန်းနေသဖြင့် နိုင်ငံရေးအပြောင်းအလဲများကို အာရုံစိုက်ရန် ခက်ခဲနေခဲ့သည်။

ဥရောပသမဂ္ဂ၏တုံ့ပြန်မှုသည်လည်း ယင်းလုပ်ရပ်ကို အလွန်အမင်း အဆိုးမြင်ခဲ့ပြီး ကီယက်ဗ်နှင့် အခြားအဓိကမြို့ကြီးများတွင်လည်း မြို့တော်ဝန်များ၏ ထောက်ခံမှုဖြင့် စစ်ပွဲစတင်ကတည်းက ပထမဆုံးသော လမ်းမပေါ်ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည်။ သမ္မတအဖွဲ့သည် နောက်ဆုတ်ရန် အတင်းအကျပ် ခိုင်းစေခံခဲ့ရသော်လည်း ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်။ ယူကရိန်းအစိုးရ၏ အကျင့်ပျက်ခြစားမှုနှင့် ပတ်သက်သည့် အကြောင်းအရာ များကိုလည်း အနောက်တိုင်းစာစောင်များ၏ ဖော်ပြချက်များကြောင့် ဥရောပတွင် ဇယ်လန်းစကီး၏ ဂုဏ်သတင်းသည် ထိုးနှက်ချက်ကြီး တစ်ခု အဖြစ် ခံစားခဲ့ရသည်။ သမ္မတရုံးနှင့် ဇယ်လန်းစကီး၏ ပြည်သူ့ဝန်ထမ်း ပါတီ (Servant of the People) တို့အကြား ဆက်ဆံရေးမှာလည်း ယိုယွင်း လာခဲ့ပြီး လွှတ်တော်အမတ်များသည် ဆန့်ကျင်ဘက်ဆုံးဖြတ်ချက်နှစ်ခု အတွက်မဲပေးခဲ့ရသည်။ ထို့အပြင် ယူကရိန်း လူ့အဖွဲ့အစည်းတွင် အရေးပါသော အစိတ်အပိုင်း တစ်ခုဖြစ်သည့် NABU စုံထောက်များသည် ရုရှားအတွက် လုပ်ဆောင်နေသည်ဟူသော စွပ်စွဲချက်များကို မယုံ ကြည်ဘဲ၊ ဤအဖြစ်အပျက် တစ်ခုလုံးကို သမ္မတ၏ အတွင်းလူများကို စုံစမ်းစစ်ဆေးခံရခြင်းမှ ကာကွယ်ရန်အတွက် ကြိုးပမ်းမှု တစ်ခုအဖြစ် ရှုမြင်ခဲ့ကြသည်။

ထို့ကြောင့် ထိပ်တိုက်ရင်ဆိုင်မှုများ ဆက်လက်ဖြစ်ပေါ်နေမည် ဖြစ်သဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး တာဝန်ရှိသူများသည် စုံစမ်းစစ်ဆေးမှုများအတွက် ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှုများကို ပိုမို

မြှင့်တင်ခဲ့ကြသည်။ ထို့အပြင် ယခုလတွင် NABU သည် ယခင်ဖြစ်ပွားခဲ့ဖူးသော အရှုပ်တော်ပုံများနှင့် စွပ်စွဲချက်အားလုံး၏ အရေးကြီးသည့် စုံစမ်းမှုများ စတင်ပြုလုပ်ခဲ့သည်။ စုံစမ်းစစ်ဆေးမှုတွင် ဇယ်လန်းစကီး၏ အတွင်းလူဖြစ်သည့် စီးပွားရေးသမား တီမူးမင်ဒစ်ချ် (Timur Mindich) ကို စစ်ဆေးမှုပြုလုပ်ရန် အဓိကထားခဲ့ကြသည်။ Zelensky ပိုင်ဆိုင်သည့် Kvartal 95 Studio ထုတ်လုပ်ရေးကုမ္ပဏီ၏ ပူးတွဲပိုင်ရှင် တစ်ဦးဖြစ်သည့် Mindich သည် Zelensky ၂၀၁၉ သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်စဉ်က သရုပ်ဆောင်နှင့် ဟာသသရုပ်ဆောင်ဟောင်းတို့အား သံချပ်ကာကားအား ငှားရမ်းပေးခဲ့ဖူးသည်။ Mindich သည် တစ်ချိန်က အာဏာရှင် Ihor Kolomoisky (လိမ်လည်မှုနှင့် အလွဲသုံးစားမှုစွဲချက်များဖြင့် ယခုအခါ ရုံးတင်စစ်ဆေးခြင်းမပြုမီ ထိန်းသိမ်းခံထားရသူ) နှင့်လည်း နီးစပ်ခဲ့ပြီး စိန်ရောင်းဝယ်မှုအပါအဝင် ရုရှားတွင် စီးပွားရေးအကျိုးစီးပွားများစွာရရှိခဲ့သည်။ ဇယ်လန်းစကီးသည် မင်ဒစ်ချ်အပေါ် ယုံကြည်မှုမှာ ၂၀၂၁ ခုနှစ်တွင် သမ္မတက ၎င်း၏ မွေးနေ့ကို မင်ဒစ်ချ်ပိုင်ဆိုင်သည့် တိုက်ခန်း၌ ကျင်းပပေးသည်အထိ ရှိခဲ့သည်။ နောက်ပိုင်းတွင် ထိုတိုက်ခန်းကိုပင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့များက စောင့်ကြည့်ထောက်လှမ်းရေးကိရိယာများ တပ်ဆင်၍ ထောက်လှမ်းခဲ့သည်။

စစ်ပွဲကြီးတစ်ခုလုံးဖြစ်ပွားပြီးနောက် မင်ဒစ်ချ်သည်စစ်ဘက်ဆိုင်ရာပစ္စည်းများ ထောက်ပံ့မှုမှ တစ်ဆင့် အိုလီဂတ်ခ် (oligarchy)ဟုခေါ်သော အာဏာရှင်စနစ်အသစ်တွင် ထင်ရှားသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာခဲ့သည်။ ကျူးကျော်မှုကြီးမဖြစ်မီက Kvartal 95 သည် Show ပွဲများအတွက် သရုပ်ဆောင်ရွေးချယ်ရေး အေဂျင်စီအဖြစ် လုပ်ကိုင်ခဲ့သော Fire Point ကုမ္ပဏီနှင့် ဆက်စပ်ပတ်သက်နေသည်ဟု မီဒီယာများက ဖော်ပြခဲ့ဖူးပါသည်။ သို့သော် မကြာသေးမီနှစ်များအတွင်း ထိုကုမ္ပဏီသည် ယူကရိန်း၏ ကာကွယ်ရေး အသုံးစရိတ်၏ ၁၀ ရာခိုင်နှုန်း အထိ ရရှိခဲ့သည့် အဓိက

လက်နက်ထုတ်လုပ်သူ ဖြစ်လာခဲ့သည်။ သို့ပေမဲ့ ကုမ္ပဏီက မင်ဒစ်ချ်နှင့် မည်သည့် ဆက်စပ်မှုမှ မရှိကြောင်း ငြင်းဆိုထားသည်။

NABU ၏ 'Midas စစ်ဆင်ရေး' သည် ယူကရိန်းတွင် မရှိတော့သော Mindich ၏ နေအိမ်များကို ရှာဖွေမှုများနှင့် ယခုလက်ရှိအချိန်တွင် ရာထူးမှ ထုတ်ပယ်ခံထားရသော စွမ်းအင်ဝန်ကြီးဟောင်း German Galushchenko ၏ နေအိမ်များရှာဖွေမှုကို သတင်းများဖြင့် စတင်ခဲ့သည်။ ထို့နောက် NABU သည် ယူကရိန်း၏ စွမ်းအင်ကဏ္ဍရှိ ကြီးမားသောအဂတိလိုက်စားမှု ကွန်ရက်ကို ဖော်ထုတ်သည့် ကြိုးဖုန်းဖြင့် မှတ်တမ်းတင်ထားသော အသံဖမ်းယူမှု မှတ်တမ်းများကို ထုတ်ပြန်ပြသခဲ့သည်။

NABU (အမျိုးသားအဂတိလိုက်စားမှု တိုက်ဖျက်ရေးဗျူရို) ၏ ဖော်ပြချက်အရ အစိုးရနှင့် နီးစပ်သူအရာရှိများနှင့် စီးပွားရေးသမားများ အပါအဝင် လူတစ်စုက ယူကရိန်းနိုင်ငံ၏ အကြီးဆုံးလျှပ်စစ်ထုတ်လုပ်ရေး လုပ်ငန်းဖြစ်သည့် နိုင်ငံပိုင် Energoatom ကို ၎င်းတို့၏ တရားမဝင် ကြွယ်ဝချမ်းသာမှုအတွက် အသုံးပြုခဲ့ကြသည်။ ပုဂ္ဂလိကကုမ္ပဏီများသည် Energoatom နှင့် လုပ်ကိုင်ခွင့်ရရန်အတွက် တရားမဝင် "ကြိုးကြပ်သူ" များကို ကန်ထရိုက်ငွေအချို့ပြန်ပေးခဲ့ရပြီး၊ ယင်းမသမာငွေများကို အဖွဲ့၏ ငွေကြေးကွန်ရက်မှတစ်ဆင့် ငွေကြေးခဝါချခဲ့သည်။ ထိုရာဇဝတ်မှု အစီအစဉ်၏ ကြိုးကိုင်သူသည် Mindich ကိုယ်တိုင်ဖြစ်ကြောင်း ယူဆရသည်။

အဆိုပါအချက်များ၏ ရိုက်ခတ်မှုများသည် အရာရှိကြီးများတွင် သက်ရောက်မှုရှိနေပြီး ထိုအထဲတွင် ကာကွယ်ရေးဝန်ကြီးဟောင်း Rustem Umerov၊ မကြာသေးမီက ခန့်အပ်ခံရသည့် ဝန်ကြီးချုပ် Yulia Sviridenko၊ စွမ်းအင်ဝန်ကြီး Svetlana Grinchuk နှင့် တခြားသူများ ပါဝင်နေသည်။ Zelensky ၏ ယုံကြည်ရသူ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဒုတိယဝန်ကြီးချုပ်

ဟောင်း Oleksiy Chernyshev နှင့်လည်း Mindich ၏ မှောင်ခိုငွေမှ ငွေသားများရရှိခဲ့သည်ဟု စွပ်စွဲခံထားရသည်။



အရှုပ်တော်ပုံကို ပိုရှုပ်စေသည်မှာ Energoatom ၏ အကြီးအကဲဟောင်း Kremlin၊ ရုရှားပါလီမန် အထက်လွှတ်တော်ဖြစ်သည့် Federation Council ၊ အဖွဲ့ဝင်ဖြစ်သူ Andrei Derkach တို့ ပါဝင်နေခြင်းဖြစ်သည်။ လက်ရှိအရှုပ်တော်ပုံတွင် တရားစွဲခံထားရသူများတွင် တစ်ဦးသည် Derkach ၏ လက်ထောက်ဟောင်းဖြစ်သူ Igor Mironyuk ဖြစ်ပြီး၊ အဂတိလိုက်စားမှု အစီအစဉ်၏ ဗဟိုချက် ဖြစ်သည့် " shadow office " သည် Derkach ၏ မိသားစုပိုင် နယ်မြေထဲတွင် တည်ရှိခဲ့သည်။

အဂတိလိုက်စားမှု အရှုပ်တော်ပုံသည် ယူကရိန်းပြည်တွင်း နိုင်ငံရေးတွင် လွှမ်းမိုးနေပြီး အတိုက်အခံ အင်အားစုအားလုံးက အခွင့်ကောင်းယူရန် ကြိုးစားနေကြသည်။ ပါလီမန်ထဲမှ အတိုက်အခံ အုပ်စုသုံးစုဖြစ်သည့် European Solidarity, Holos, နှင့် Fatherland ပါတီတို့ကို ကိုယ်စားပြုသည့် အဖွဲ့များသည် အစိုးရအနားယူပေးရန်နှင့် အတိုက်အခံများ ပါဝင်သည့် "အမျိုးသားညီညွတ်ရေး" အစိုးရအဖွဲ့နှင့်

အစားထိုးရန် တောင်းဆိုနေကြသည်။ သမ္မတရုံး၏ ဩဇာကြီးမားသည့် အကြီးအကဲဖြစ်သူ Andrii Yermak ရာထူးက နုတ်ထွက်ဖို့ကိုလည်း တောင်းဆိုနေကြသည်။ အရှုပ်တော်ပုံ ကြီးထွားလာသည်နှင့်အမျှ Zelensky ၏ Servant of the People ပါတီက လွှတ်တော်အမတ် အချို့တောင်းဆိုမှုများကို ထောက်ခံရန် ပြင်ဆင်နေကြသည်ဟု ကောလဟာလများ ထွက်ပေါ်နေခဲ့သည်။

NABU သည် ဥရောပခေါင်းဆောင်များထံမှ ထောက်ခံမှုကို ရရှိထားပြီး ယူကရိန်းခေါင်းဆောင်များ အနေဖြင့် စွပ်စွဲချက် အားလုံးကို သေချာစွာ စုံစမ်းစစ်ဆေးရန် တောင်းဆိုနေကြသည်။ လက်ရှိဥရောပ အကူအညီများသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် အစိုးရ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများနှင့် ပိုမိုဆက်စပ်နေမည်မှာ သံသယဖြစ်စရာမရှိပေ။ အနောက်နိုင်ငံများ၏ ထောက်ခံမှု ဆက်လက်ပေးအပ်ခြင်းကို ဆန့်ကျင်သူများနှင့် ရုရှားဝါဒဖြန့်ချိရေးနှစ်မျိုးလုံးက ယူကရိန်းကို အကျင့်ပျက်ခြစားမှု အရှုပ်တော်ပုံကို အသုံးပြုနေသည်မှာလည်း ထင်ရှားသည်။

Zelensky သည် စုံစမ်းစစ်ဆေးမှုကို ထောက်ခံကြောင်း ပြောကြားခဲ့ပြီး Bloomberg အား "စစ်မက်ဖြစ်ပွားနေသော နိုင်ငံတစ်နိုင်ငံ၏ သမ္မတတွင် မိတ်ဆွေမရှိနိုင်" ဟု ပြောကြားခဲ့သည်။ စွပ်စွဲချက်များတွင် ပါဝင်ပတ်သက်နေသော Mindich နှင့် အခြားသူများကို အရေးယူမှုများ ပြုလုပ်ခဲ့ပြီး သမ္မတနှင့် နီးစပ်သူများအပေါ် စွပ်စွဲချက်များသည် ၎င်း၏ ပုံရိပ်ကို ထိခိုက်စေမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

Zelensky ၏အဖွဲ့သည် ထိုအဖြစ်အပျက်များကြောင့် ပြဿနာများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် မျှော်လင့်နေခဲ့သည်။ NABU သည် တရားရုံးနှင့်

တခြားတရားရေးဆိုင်ရာ လုပ်ငန်းစဉ်များမှာ တရားစွဲဆိုမှုများကို ခွင့်ပြုခဲ့သည့်အတွက် ဝေဖန်ခံခဲ့ရသည်။ သို့ရာတွင် ယူကရိန်း၏ စွမ်းအင်အခြေခံအဆောက်အအုံများကို ရုရှားက တိုက်ခိုက်မှုများကြောင့် နိုင်ငံတစ်ဝက်လောက်မှာ အာဏာမရှိသည့် အချိန်တွင် စွမ်းအင်ကဏ္ဍကရန်ပုံငွေများကို အလွဲသုံးစားခြင်းသည် လုယက်မှုတစ်ခုပင်ဖြစ်သည်။

**ဘာသာပြန်သူ**

ဒေါ်ဖြိုးဖြိုး

ဦးစီးအရာရှိ

**Source:**

- https://carnegieendowment.org/russiaeurasia/politika/2025/11/ukraine-corruption-scandal? lang=en)

***********............**********

## "ခရိုင်ခွဲအုပ်ချုပ်ရေးမှူးရုံး အရာရှိများ ခန့်အပ်မှုစာရင်းတွင် ပါဝင်စေရန်အတွက် ခရိုင်အုပ်ချုပ်ရေးမှူးရုံး အကြီးအကဲထံ လာဘ်ပေးမှုဖြင့် အမျိုးသမီးတစ်ဦးကို NACC မှ ဖမ်းဆီး"

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့တွင် နိုင်ငံတကာရေးရာနှင့် အဂတိလိုက်စားမှု စုံစမ်းစစ်ဆေးရေးဗျူရိုနှင့် အမျိုးသားအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး (NACC) တို့သည် ထိုင်းတော်ဝင်ရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ မစ္စဆူမာလာ ပီနာတေးကို ဖမ်းဆီးခဲ့သည်။ မဟာဆာရာခမ်ပြည်နယ်၊ နာဒန်ခရိုင်၊ ဒုံဒွမ်ခရိုင် အုပ်ချုပ်ရေးမှူးရုံးတွင် ခရိုင်ခွဲအရာရှိအဖြစ် ခန့်အပ်သည့် စာရင်းတွင် ပါဝင်စေရေးအတွက် လာဘ်ပေးမှုဖြင့် NACC မှ တရားစွဲဆိုရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ သူမအား အဂတိ

လိုက်စားမှုနှင့် အကျင့်ပျက်ခြစားမှုဆိုင်ရာ ရာဇဝတ်တရားရုံး ဒေသ ၄၊ အမှတ် J.46/2022၊ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့ ရက်စွဲဖြင့် ဖမ်းဝရမ်း ထုတ်ခဲ့ခြင်းဖြစ်သည်။

မစ္စဆူမာလာ အနေဖြင့် ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် NACC သည် ရာဇဝတ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံတကာပူးပေါင်း ဆောင်ရွက်ရန်တောင်းဆိုချက်တစ်ရပ် ရှေ့နေချုပ်ရုံးမှ တစ်ဆင့်ကိုရီးယားသမ္မတနိုင်ငံ အာဏာပိုင်များထံသို့ ပေးပို့ခဲ့သည်။ နောက်ပိုင်းတွင် မစ္စဆူမာလာသည် ကိုရီးယားသမ္မတနိုင်ငံတွင် တရားမဝင် နေထိုင်ခဲ့ကြောင်း အတည်ပြုချက်များရရှိခဲ့သည်။

နောက်ထပ်စုံစမ်းစစ်ဆေးမှုများအရ သူမ၏နေထိုင်ရာ အတိအကျကို ဖော်ထုတ်နိုင်ခဲ့ပြီး ဘန်ကောက်ရှိ INTERPOL အမျိုးသားဗဟိုဗျူရိုနှင့် ပူးပေါင်းဆောင်ရွက်ကာ ခြေရာခံဖမ်းဆီးပြီး ထိုင်းနိုင်ငံသို့ ပြန်လည် ရောက်ရှိရန် စီစဉ်နိုင်ခဲ့သည်။

မစ္စဆူမာလာကို ထိုင်းနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ပြီး ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့ ည ၁၁:၄၅ နာရီခန့်တွင် Air Busan လေယာဉ်ဖြင့် သုဝဏ္ဏဘူမိ လေဆိပ်သို့ ရောက်ရှိလာခဲ့သည်။ ပူးတွဲဖမ်းဆီးရေးအဖွဲ့သည် သုဝဏ္ဏဘူမိလေဆိပ်ရှိ လူဝင်မှုကြီးကြပ်ရေး စစ်ဆေးရေးဂိတ် (ရောက်ရှိဇုန်) တွင် သူမကို စနစ်တကျ ထိန်းသိမ်းနိုင်ခဲ့ပြီး ညှဉ်းပန်းနှိပ်စက်မှုကာကွယ်ရေးနှင့် အတင်းအကြပ်ပျောက်ဆုံးမှု အက်ဥပဒေ Act B.E. ၂၅၆၅ (၂၀၂၂) နှင့်အညီ ဖမ်းဝရမ်းပြကာ စွဲချက်များနှင့် သူမ၏တရားဝင် အခွင့်အရေးများကို အသိပေးခဲ့သည်။ ထို့နောက် သူမအား ဖမ်းဆီးမှုမှတ်တမ်းအတွက် သုဝဏ္ဏဘူမိ လေဆိပ် ရဲစခန်းသို့ ခေါ်ဆောင်သွားခဲ့ပြီး နောက်ထပ်တရားဥပဒေအရ အရေး

ယူဆောင်ရွက်ရန်အတွက် ခွန်ကင်းပြည်နယ် အဂတိလိုက်စားမှုနှင့် အကျင့်ပျက်ခြစားမှုဆိုင်ရာ ဒေသ ၄ ရုံးသို့ လွှဲပြောင်းပေးခဲ့သည်။

**ဘာသာပြန်သူ**

သိန်းထိုက်ဝင်း

ညွှန်ကြားရေးမှူး

**Source**

[https://www.nacc.go.th/english/categorydetail/2019122712514151207005112EK12853/20250930102634](https://www.nacc.go.th/english/categorydetail/2019122712514151207005112EK12853/20250930102634)?

***********............**********

**"ဥရောပသမဂ္ဂ (EU) နိုင်ငံများသည် နောက်ဆုံးတွင် အဂတိလိုက်စားမှု ဆိုင်ရာ စည်းမျဉ်းများအား သဘောတူညီကြသည် – သို့သော် ယင်းတို့တွင် အားနည်းချက်များရှိနေသလား"**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ပထမပတ်တွင် ဥရောပ၏ အဓိက အဖွဲ့အစည်း သုံးခုဖြစ်သော ဥရောပကော်မရှင်၊ ပါလီမန်နှင့် အဖွဲ့ဝင်နိုင်ငံများ၏ ကောင်စီတို့မှ ကိုယ်စားလှယ်များသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆိုင်ရာ စည်းမျဉ်းအသစ်များတွင် ကဏ္ဍအားလုံးနှင့် လိုက်လျောညီထွေမှုရှိစေရန်နှင့် ပိုမိုခိုင်မာအားကောင်းစေရန်အတွက် အပြီးသတ်ညှိနှိုင်းဆွေးနွေးခဲ့ သည်။

ယင်းစည်းမျဉ်းများတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ညွှန်ကြားချက်ကို ကော်မရှင်မှ ၂၀၂၃ ခုနှစ် မေလတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် အဆိုပြုခဲ့ခြင်း ဖြစ်သည်။ ယင်း၏ အဓိကရည်ရွယ်ချက်များအနက်တစ်ခုမှာ အဖွဲ့ဝင်

နိုင်ငံများအနေဖြင့် အဂတိလိုက်စားမှုနှင့်ဆက်စပ်သည့် ပြစ်မှုများကို နှိမ်နင်းသည့်ပုံစံကို သဟဇာတဖြစ်အောင် ဆောင်ရွက်ရန်ဖြစ်ပြီး ရည်ရွယ်ချက်မှာ နိုင်ငံဖြတ်ကျော် ရာဇဝတ်သားများအား တရားစီရင်ရာတွင် ၎င်းတို့အတွက် အကျိုးအမြတ်ရရှိရန် ရည်ရွယ်ပြီး အလုံခြုံဆုံးဖြစ်သည့် နိုင်ငံသို့ ရွှေ့ပြောင်း၍ တရားစီရင်ရေး နယ်ပယ်ရွေးချယ်ခြင်းကို တားဆီးရန်ဖြစ်သည်။

ယင်းစည်းမျဉ်း ညွှန်ကြားချက်အရ ဥရောပနိုင်ငံများသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်းနှင့် တိုက်ဖျက်ခြင်း မဟာဗျူဟာတစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်သည်။ ဥရောပသမဂ္ဂတွင် လာဘ်ပေးလာဘ်ယူမှု၊ အလွဲသုံးစားမှု၊ သြဇာလွှမ်းမိုး၍ အပေးအယူလုပ်မှု စသည့် အဂတိလိုက်စားမှုဆိုင်ရာ ပြစ်မှုအမျိုးမျိုးကို စံနှုန်းညီညွတ်သည့် ရာဇဝတ်မှုအဖြစ် သတ်မှတ်မည်ဖြစ်သည်။ တရားသူကြီးများသည် အဂတိလိုက်စားသူများကို အပြစ်ပေးရန်အတွက် သက်သေအထောက်အထားများ ပိုမိုရရှိမည်ဖြစ်ပြီး၊ အနိမ့်ဆုံးပြစ်ဒဏ်များကို ချမှတ်မည်ဖြစ်ကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အာဏာပိုင် အဖွဲ့အစည်းများ၏ လွတ်လပ်မှုကို အာမခံရမည်ဖြစ်သည်။

ဆွေးနွေးချက်များအပေါ် သဘောတူညီချက်ရယူရန် ကြိုးပမ်းခဲ့သော်လည်း အီတလီနှင့် အခြားနိုင်ငံများမှ အစိုးရအရာရှိများက ၎င်းတို့၏ ရာထူးကို အသုံးပြု၍ မတရားသော အကျိုးအမြတ်ရယူခြင်းဖြစ်သည့် "လုပ်ငန်းတာဝန် အလွဲသုံးစားပြုမှု" ကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ရန် ကန့်ကွက်ခဲ့ခြင်းကြောင့် ကြန့်ကြာမှုများရှိနေခဲ့သည်။ သို့သော် လတ်တလောတွင် ကောင်စီ၏ အလှည့်ကျ ဥက္ကဋ္ဌ နေရာယူထားသော ဒိန်းမတ်နိုင်ငံမှ အရေးပါသည့် အပြောင်းအလဲ တစ်ခုကို အတင်းအကျပ် ဆောင်ရွက်နိုင်ခဲ့သည်။ လုပ်ငန်းတာဝန် အလွဲသုံးစားပြုမှုသည် ပြီးခဲ့သည့်

ရက်က ဆွေးနွေးပွဲများ၏ အစီအစဉ်တွင် ပါဝင်သည့် တစ်ခုတည်းသော ခေါင်းစဉ်ဖြစ်သည်။

သဘောတူညီချက်၏ ပုဒ်မ ၁၁ တွင် "အဖွဲ့ဝင်နိုင်ငံများသည် အနည်းဆုံး ပြင်းထန်သော အပြုအမူတစ်ခုအဖြစ် လုပ်ငန်းတာဝန် အလွဲသုံးစားပြုမှုကို ရည်ရွယ်ချက်ရှိရှိ ကျူးလွန်ပါက ရာဇဝတ်မှုအဖြစ် အပြစ်ပေးနိုင်ရန် လိုအပ်သည့်အစီအမံများကို ဆောင်ရွက်ရမည်" ဟု ဖော်ပြထားသည်။ သဘောတူထားသော အဂတိလိုက်စားမှုဆိုင်ရာ စည်းမျဉ်းများတွင် ဒွိဟဖြစ်စေသည့် အားနည်းချက်နှင့် အားသာချက်များ လည်း ပါဝင်နေသည်။

ဥရောပပါလီမန်သည် ပိုမိုအား ကောင်းသည့် စည်းမျဉ်းများကို လိုချင်ခဲ့သော်လည်း အဖွဲ့ဝင်နိုင်ငံများ၏ ပြင်းထန်သော ကန့်ကွက်မှုနှင့် ကြုံတွေ့ခဲ့ရသည်။ NGO Transparency International EU ၏ အကြီးအကဲ ဖြစ်သူ Nicholas Aiossa က " ပြီးခဲ့သည့် နှစ်တစ်နှစ်လုံးမှာ ဂျာမနီနှင့် အီတလီတို့သည် အဆိုပြုချက်၏ အဓိကအချက်အလက်များကို အားနည်း သွားစေရန် လှုပ်ရှားမှုများကို ဦးဆောင်ခဲ့ကြပါတယ်" ဟု ပြောကြားခဲ့သည်။ ပါလီမန်၏ အဓိကဆွေးနွေးညှိနှိုင်းသူ Raquel García Hermida-van der Walle က "အကောင်းဘက်က တွေးကြရအောင်" ဟု ကောက်ချက်ချခဲ့ပြီး "ဒါပေမယ့် လွန်ခဲ့သည့် ရက်သတ္တပတ် အနည်းငယ်အထိ ကောင်းခြင်း၊ ဆိုးခြင်းကို ဝေခွဲရခက်နေပါတယ်" ဟုလည်း ထပ်လောင်းပြောကြား ခဲ့သည်။




ယခုအခါတွင် အဆိုပါ သဘောတူညီချက်ကို ပါလီမန်နှင့် အဖွဲ့ဝင်နိုင်ငံများက မဲပေးဆုံးဖြတ်ရမည်ဖြစ်သည်။ အတည်ပြုပါက ဤဥပဒေသည် နှစ်နှစ်အကြာတွင် အကျိုးသက်ရောက်လာမည်ဖြစ်သည်။

**ဘာသာပြန်သူ**
နန်းမြကြာခြည်
ဒုတိယညွှန်ကြားရေးမှူး

**Source**

https://www.ftm.eu/newsletters/newsletter-eu-countries-agree-to-coordinate-corruption-rules-across-the-bloc

***********…………**********

## “အလုပ်သမားရေးရာဝန်ကြီးဌာနတွင် အလုပ်ခွင်ဘေးကင်းရေးနှင့် ကျန်းမာရေး (K3) အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းနှင့် ဆက်စပ်သည့် ငွေညှစ်မှုဖြင့် တာဝန်ရှိသူ ၁၄ ဦးကို ဖမ်းဆီးစစ်ဆေး”




အင်ဒိုနီးရှားနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်က အလုပ်ခွင်ဘေးကင်းရေးနှင့် ကျန်းမာရေး K3 လက်မှတ်များ ထုတ်ပေးရာတွင် ခြိမ်းခြောက်ငွေညှစ်မှုဆိုင်ရာ ရာဇဝတ်မှုတစ်ခုကို စုံစမ်းစစ်ဆေးဖော်ထုတ်ခဲ့သည်။ K3 အသိအမှတ်ပြု လက်မှတ်ကြေးကို ရူပီး ၂၇၅,၀၀၀ (ယခင်ရူပီး ၁,၀၀၀ သတ်မှတ်ခဲ့) သတ်မှတ်ထားသော်လည်း K3 အသိအမှတ်ပြု လက်မှတ်လျှောက်လွှာများကို နှောင့်နှေးစေခြင်း၊ ရှုပ်ထွေးစေခြင်း သို့မဟုတ် ငြင်းဆန်ခြင်း အပါအဝင်ခြိမ်းခြောက် ငွေညှစ်မှုများကြောင့် အလုပ်သမားများသည် ရူပီး ၆,၀၀၀,၀၀၀ အထိ ပေးဆောင်ရန် အတင်းအကျပ် ဖိအားပေးခံခဲ့ရသည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် (KPK) သည် အဆိုပါအမှုနှင့် စပ်လျဉ်း၍ တာဝန်ရှိသူ

၁၄ ဦးကို ဖမ်းဆီးခဲ့ပြီး လေးဘီးနှင့် နှစ်ဘီးယာဉ်များ အပါအဝင် အထောက်အထားများနှင့် ငွေသားများကို သိမ်းဆည်းခဲ့သည်။

**ဘာသာပြန်သူ**
သိန်းထိုက်ဝင်း
ညွှန်ကြားရေးမှူး

**Source**

- https://kpk.go.id/en/data-publication/case-handling/kegiatan-tangkap-tangan-dugaan-pemerasan-terkait-pengurusan-sertifikat-keselamatan-dan-kesehatan-kerja-k3-di-kementerian-ketenagakerjaan-1

***********............**********

## "မလေးရှားနိုင်ငံ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က သက်သေခံ ၁၆ ဦးကို ဆင့်ခေါ်၊ ဒီဇင်ဘာလလယ်တွင် စုံစမ်းစစ်ဆေးမှု ပြီးဆုံးမည်ဟု မျှော်မှန်း"

၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ကွာလာလမ်ပူမြို့၌ နိုင်ငံခြားသား အလုပ်သမား လျှောက်ထားမှုများကို အရှိန်မြှင့်ဆောင်ရွက်ပေးခြင်းနှင့်စပ်လျဉ်း၍အုပ်ချုပ်ရေးအရာရှိများ ပါဝင်သည်ဟု ယူဆရသော အဂတိလိုက်စားမှုအား စုံစမ်းစစ်ဆေးရန် မလေးရှားနိုင်ငံ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် (MACC) က ၎င်းအမှုနှင့် စပ်ဆက်နေသည့် သက်သေခံ ၁၆ ဦးအား ဆင့်ခေါ်ခဲ့သည်။

အချက်အလက်များအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ စုံစမ်းစစ်ဆေးရေး အရာရှိများသည် ၎င်းကိစ္စနှင့် ဆက်နွယ်နေသည့် ကုမ္ပဏီ

ကိုယ်စားလှယ်များကို စစ်ဆေးဖော်ထုတ်နေဆဲဖြစ်ပြီး စုံစမ်းစစ်ဆေးရေးဆိုင်ရာ မှတ်တမ်းများအား ဒီဇင်ဘာလလယ်ခန့်တွင် အပြီးသတ်ဆောင်ရွက်မည် ဖြစ်ကြောင်း သိရှိရသည်။

၎င်းစုံစမ်းစစ်ဆေးမှုအား ၂၀၀၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် MACC အက်ဥပဒေ၏ ပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၇ တို့အရ အဂတိလိုက်စားမှုများကို အဓိကထားစစ်ဆေးနေခြင်းဖြစ်ပြီး ၎င်းတို့တွင် လာဘ်ပေးခြင်း (သို့မဟုတ်) လာဘ်ယူခြင်း (သို့မဟုတ်) လာဘ်ထိုးခြင်းတို့ ပါဝင်သည်။

ထို့အပြင် MACC အက်ဥပဒေ(၂၀၀၉) ၏ ပုဒ်မ ၃၆ အရ အဂတိလိုက်စားမှုများ ကျူးလွန်ရာမှ ရရှိထားသော ပိုင်ဆိုင်မှုများအား လက်ဝယ်ပိုင်ဆိုင်ထားခြင်းဆိုင်ရာ အချက်များနှင့်ဆက်စပ်၍ လည်းကောင်း၊ ရာဇသတ်ကြီး ပုဒ်မ ၁၆၅ အရ တရားဝင်ဆောင်ရွက်ရသော ကိစ္စရပ်များတွင် သက်ဆိုင်ရာပုဂ္ဂိုလ်များထံမှ တန်ဖိုးရှိပစ္စည်းများကို အကြောင်းမဲ့ လက်ခံရယူသည့် ပြည်သူ့ဝန်ထမ်းများနှင့် ဆက်စပ်သည့် အချက်များကိုလည်း စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

နိုဝင်ဘာလ ၁၂ ရက်နေ့တွင် MACC ၏ စုံစမ်းစစ်ဆေးရေးဌာနခွဲမှ Op Bleach အမည်ရှိ စစ်ဆင်ရေးအရ အုပ်ချုပ်ရေးအဖွဲ့ဆိုင်ရာ အရာရှိ ၁၀ ဦးနှင့် အငြိမ်းစားဝန်ထမ်း ၁ ဦးတို့အား RTK အစီအစဉ်အောက်ရှိ နိုင်ငံခြားသား အလုပ်သမား လျှောက်ထားမှုများကို အရှိန်မြှင့်ဆောင်ရွက်ပေးရေးနှင့်စပ်လျဉ်း၍ လာဘ်ပေးလာဘ်ယူမှုများ ရှိခဲ့သည်ဟု ယူဆကာ ခေါ်ယူထိန်းသိမ်းခဲ့သည်။




The Malaysian Anti-Corruption Commission (MACC) has summoned 16 witnesses to assist in a corruption probe aimed at accelerating foreign worker applications under the Labour Recalibration Programme (RTK), involving enforcement agency officers. - NSTP FILE PIC

Op Bleach အမည်ရှိ စစ်ဆင်ရေးဆိုသည်မှာ နိုင်ငံ၏ ဝင်ပေါက်များရှိ လုပ်ငန်းစဉ်များကို ချိုးဖောက်သည့် လုပ်ဆောင်မှုများတွင် ပါဝင်နေသော အဖွဲ့ကိုပစ်မှတ်ထားသည့် MACC ၏ နောက်ဆက်တွဲ စစ်ဆင်ရေး တစ်ခုဖြစ်သည်။ ၎င်းကိစ္စနှင့်စပ်လျဉ်း၍ ဆက်သွယ်မေးမြန်းရာတွင် MACC စုံစမ်းစစ်ဆေးရေးဌာနခွဲ၏ ညွှန်ကြားရေးမှူးချုပ် Datuk Saiful Ezral Arifin ဒေါ်တူင်ဆိုင်းဖုလ် အဇ်ဇရယ်အရီဖင်မှ အတည်ပြုခဲ့သည်။

**ဘာသာပြန်သူ**

ဒေါ်စုမြတ်နိုင်

လ/ထညွှန်ကြားရေးမှူး

**Source**

https://www.nst.com.my/news/nation/2025/11/1319716/op-bleach-macc-summons-16-witnesses-investigation-expected-conclude-mid

***********............**********

## “ယာဉ်မောင်းစာမေးပွဲဖြေဆိုသူထံမှ လာဘ်ငွေရယူရန်ကြိုးစားမှုဖြင့် ယာဉ်မောင်းစစ်ဆေးသူဟောင်း တစ်ဦး တရားစွဲဆိုခံရ”

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် Bukit Batok မောင်းနှင်မှုစင်တာ (“BBDC”) တွင် ယာဉ်မောင်း စာမေးပွဲစစ်ဆေးရေး တာဝန်ကျသူ People Advantage Pte Ltd မှ Muhamad Zahirey Bin Ishak (“Zahirey”) (အသက် ၃၉ နှစ်အရွယ် စင်္ကာပူအမျိုးသား) သည် ယာဉ်မောင်း စာမေးပွဲဖြေဆိုသူထံမှ လာဘ်ငွေရယူခဲ့သဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအက်ဥပဒေဖြင့် တရားစွဲဆိုခံခဲ့ရသည်။



၂၀၂၅ ခုနှစ် မေလ ၂၃ ရက်နေ့တွင် Zahirey သည် ယာဉ်မောင်း စာမေးပွဲ ဖြေဆိုသူတစ်ဦးအား စင်ကာပူယာဉ်မောင်းလိုင်စင် ရရှိနိုင်ရေး အရည်အချင်းပြည့်မီစေရန် BBDC တွင် လက်တွေ့မောင်းနှင်မှု စာမေးပွဲ အတွင်း ကူညီဆောင်ရွက်ပေးခြင်းအတွက် လာဘ်ငွေအဖြစ် စင်ကာပူ ဒေါ်လာ ၁၅၀ ရယူရန် ကြိုးပမ်းခဲ့သည်ဟု စွပ်စွဲခံခဲ့ရသည်။ အဆိုပါ ပြစ်မှု

အတွက် Zahirey သည် အဂတိလိုက်စားမှု ကာကွယ်ရေး အက်ဥပဒေ ပုဒ်မ ၆(က) အရ ပြစ်ဒဏ်ချမှတ်နိုင်သော စွဲချက်တစ်ခုဖြင့် တရားရင်ဆိုင်ရမည်ဖြစ်သည်။

စင်္ကာပူနိုင်ငံသည် အဂတိလိုက်စားမှုများကို လုံးဝသည်းခံခွင့်လွှတ်ခြင်း မရှိသည့် တင်းကျပ်သော စည်းမျဉ်းချမှတ်ထားပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၆ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက စင်ကာပူဒေါ်လာ ၁၀၀,၀၀၀ အထိ ငွေဒဏ် သို့မဟုတ် ငါးနှစ်ထက်မပိုသော ထောင်ဒဏ် သို့မဟုတ် နှစ်မျိုးလုံးချမှတ်နိုင်သည်။

**ဘာသာပြန်သူ**
သိန်းထိုက်ဝင်း
ညွှန်ကြားရေးမှူး

**Source**

- https://www.cpib.gov.sg/former-driving-tester-charged-for-allegedly-attempting-to-obtain-bribe-from-test-candidate/

***********............**********

## "ဖိလစ်ပိုင်နိုင်ငံတွင် အဂတိလိုက်စားမှုကြောင့် လူထောင်ပေါင်းများစွာ ဆန္ဒပြခဲ့ခြင်း"

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်တွင် လူပေါင်းထောင်ပေါင်းများစွာ စုဝေးကာ ရေကြီးရေလျှံမှု ထိန်းချုပ်ရေး စီမံကိန်းများနှင့် ဆက်စပ်နေသော အဂတိလိုက်စားမှု အရှုပ်တော်ပုံအတွက် တာဝန်ခံမှုပေးရန် တောင်းဆိုနေကြပြီး သမ္မတ Ferdinand Marcos ၏ မဟာမိတ်များ အပါအဝင် အစိုးရထိပ်တန်းအရာရှိများနှင့် ဆက်စပ်ပတ်သက်နေသည်။

တနင်္ဂနွေနေ့တွင် သုံးရက်ကြာ ကျင်းပမည့် စုဝေးပွဲသည် နိုင်ငံတစ်ဝှမ်းရှိ တိုင်ဖွန်းမုန်တိုင်းဒဏ် ခံရလေ့ရှိသော ရေကြီးရေလျှံမှု ကာကွယ်ရေး စီမံကိန်း ထောင်ပေါင်းများစွာကို စံချိန်မမီသော ပစ္စည်းများဖြင့် ပြုလုပ်ထားခြင်းကြောင့် ဖြစ်သည်။



Iglesia Ni Cristo သို့မဟုတ် ခရစ်တော်ဘုရားကျောင်းမှ အဖွဲ့ဝင် (၂၇၀၀၀)ဦး သည် မနီလာမြို့ရှိ Rizal ပန်းခြံတွင် နေ့လည်ပိုင်း ဆန္ဒပြပွဲအတွက် စုဝေးခဲ့ကြသည်ဟု ရဲတပ်ဖွဲ့က ခန့်မှန်းထားပြီး အများစုမှာ အဖြူရောင်ဝတ်ဆင်ကာ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဆိုင်းဘုတ်များကို ကိုင်ဆောင်ထားကြသည်။ ဘုရားကျောင်း၏ ပြောရေးဆိုခွင့်ရှိသူ Edwin Zabala က သုံးရက်ကြာ ဆန္ဒပြပွဲသည် "ကျွန်ုပ်တို့၏ ခံစားချက်ကို ဖော်ပြရန်၊ အစိုးရအရာရှိများ၏ မကောင်းမှုကို ရှုတ်ချသည့် အကြောင်းအရာများနှင့် ကျွန်ုပ်တို့ နိုင်ငံသားများ၏ တောင်းဆိုမှုကို ပေးစွမ်းရန်" ရည်ရွယ်ကြောင်းပြောကြားခဲ့သည်။ တနင်္ဂနွေနေ့တွင် အခြားသောအဖွဲ့များသည် ဆင်ခြေဖုံး Quezon မြို့ရှိ People Power

Monument တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆန္ဒပြပွဲကို သီးခြား ပြုလုပ်ရန် စီစဉ်ထားသည်။

ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့က လုံခြုံရေးအတွက် ရဲတပ်သား (၁၅၀၀၀) ဦး ကို ချထားပေးမည်ဟု ပြောကြားခဲ့ရာ မနီလာတွင် ဆန္ဒပြပွဲများမတိုင်မီတွင် စစ်တပ်က အစိုးရအပေါ်ထောက်ခံမှုကို ပြန်လည် အတည်ပြုခဲ့သည်။ အဆိုပါ ဆန္ဒပြမှုများမှာ သမ္မတ မားကို့စ်၏ ညီအစ်ကို ဝမ်းကွဲ တော်စပ်သူဖြစ်ပြီး ယခင်ပြည်သူ့ကိုယ်စားလှယ်များ ကောင်စီ ဥက္ကဋ္ဌ (House of Representatives Speaker) လည်းဖြစ်သော မာတင် ရိုမူဝါလ်ဒက်ဇ် အပါအဝင် သြဇာတိက္ကမရှိသူ ပုဂ္ဂိုလ်များသည် အရည်အသွေး နိမ့်သည့် သို့မဟုတ် လုံးဝမပြီးစီးသည့် ရေကြီးမှုကာကွယ်ရေး စီမံကိန်း များအတွက် များပြားသော ငွေပမာဏများကို ၎င်းတို့ကိုယ်တိုင် အဂတိ လိုက်စားခဲ့သည်ဟူသော စွပ်စွဲချက်များ ထွက်ပေါ်လာပြီးနောက် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အချက်အလက်ရှာဖွေရေးကော်မရှင်သည် အထက်လွှတ်တော် အမတ်များ၊ လွှတ်တော်အမတ်များနှင့် ချမ်းသာသော စီးပွားရေး လုပ်ငန်းရှင်များ အပါအဝင် လူ (၃၇) ဦးကို အဂတိလိုက်စားမှုဖြင့် ရာဇဝတ်မှုဆိုင်ရာတိုင်ကြားမှုများ တင်သွင်းခဲ့သည်။ ဆောက်လုပ်ရေး ကုမ္ပဏီအမှုဆောင် ၈၆ ဦးနှင့် အစိုးရအရာရှိ ၉ ဦးကိုလည်း အခွန်ငွေ ပီဆို ၉ ဘီလီယံနီးပါး (ဒေါ်လာ ၁၅၃ သန်း) ရှောင်တိမ်းမှုဖြင့် ရာဇဝတ်မှု ဆိုင်ရာတိုင်ကြားမှုများ တင်သွင်းခဲ့သည်။

အဆိုပါ စွပ်စွဲခံရသူများထဲတွင် မားကို့စ်ကို ဆန့်ကျင်သူများနှင့် မဟာမိတ်ပြုထားသော ဥပဒေပြုအမတ်များလည်း ပါဝင်သည်။ ရိုမူယယ်ဒက်ဇ်အပြင် အထက်လွှတ်တော်ဥက္ကဋ္ဌ ချစ်ဇ်အက်စ်ကူဒီရိုနှင့် သမ္မတဟောင်း ရိုဒရီဂိုဒူတာတေး၏ အဓိကမဟာမိတ်ဖြစ်သူ အထက်လွှတ်တော် အမတ် ဘွန်ဂို တို့လည်း ပါဝင်သည်။ သုံးဦးစလုံး က

အတိုက်အခံ ငြင်းဆိုခဲ့ကြသည်။ မားကိုစ်က ၎င်း၏ဝမ်းကွဲအကိုသည် သက်သေအထောက်အထားမရှိခြင်းကြောင့် ရာဇဝတ်မှုစွဲချက်များနှင့် ရင်ဆိုင်ရမည်မဟုတ်သော်လည်း စုံစမ်းစစ်ဆေးမှုမှ "မည်သူမျှ ကင်းလွတ်ခွင့်မရှိ" ဟု ထပ်လောင်းပြောကြားခဲ့သည်။ "ပုံရိပ်ကောင်းအောင် ကျွန်တော်တို့ အမှုဖွင့်တာမျိုး မလုပ်ပါဘူး"ဟု ၎င်းက ပြောကြားခဲ့သည်။ "အဂတိလိုက်စားမှုပြုလုပ်သူများကို ထောင်ထဲထည့်ဖို့ အမှုဖွင့်ထားပါတယ်။" မားကိုစ်ကို ဝေဖန်သူ ဒူတာတေးသည် သူ၏ ရက်စက်ကြမ်းကြုတ်သော မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စစ်ဆင်ရေးများအတွင်း လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအတွက်ဟူသော စွပ်စွဲချက်ဖြင့် နယ်သာလန်နိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုဆိုင်ရာ တရားရုံးက မတ်လတွင် ဖမ်းဆီးခဲ့သည်။

လက်ရှိဒုတိယသမ္မတ ကလည်း ရေကြီးရေလျှံမှု ထိန်းချုပ်ရေး စီမံကိန်းများအတွက် ဘီလျံပေါင်းများစွာကို ခွဲဝေသတ်မှတ်ပေးခဲ့သည့် ၂၀၂၅ ခုနှစ် အမျိုးသားဘတ်ဂျက်ကို အတည်ပြုခဲ့ခြင်းအတွက် မားကိုစ်သည်လည်း တာဝန်ယူသင့်ပြီး ထောင်ချခံရသင့်သည်ဟု ပြောကြားခဲ့သည်။ ဒူတာတေးကို ထောက်ခံသူအချို့အပါအဝင် စစ်တပ်က မားကိုစ်ကို ထောက်ခံမှု ရုပ်သိမ်းရန် သီးခြားတောင်းဆိုမှုများ ရှိခဲ့သော်လည်း ဖိလစ်ပိုင်လက်နက်ကိုင် တပ်ဖွဲ့များ၏ စစ်ဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်ကြီး ရိုမီယိုဘရောနာဂျူနီယာ က ထိုတောင်းဆိုမှုများကို အကြိမ်ကြိမ်ပယ်ချခဲ့သည်။ "ပြည့်ဝတဲ့ ယုံကြည်ချက်နှင့် ကျွန်တော်ပြည်သူကို အာမခံပါတယ်၊ လက်နက်ကိုင်တပ်ဖွဲ့များသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်မည့် မည်သည့်လုပ်ဆောင်မှုမျိုးကိုမျှ လုပ်ဆောင်မည် မဟုတ်ပါဘူး။ ဒီနေ့လည်း မလုပ်ဘူး၊ မနက်ဖြန်လည်း မလုပ်ဘူး၊ ကျွန်တော့်ရဲ့ ကြီးကြပ်မှုအောက်တွင် လုံးဝကိုမလုပ်ဘူး" ဟု ဘရောနာက ပြောကြားခဲ့သည်။ စစ်တပ်သည် "ငြိမ်းချမ်းရေးကို ထိန်းသိမ်းရာတွင်၊ ဥပဒေနဲ့အညီ

အရပ်ဘက်ဆိုင်ရာ ထုတ်ဖော်ပြောဆိုမှုများကို ထောက်ခံသည့်အခါ သမ္မတနိုင်ငံ၏ တည်ငြိမ်မှုနှင့် ဒီမိုကရေစီ အဖွဲ့အစည်းများကို ကာကွယ်မှုတွင် ခိုင်မာစွာရပ်တည်နေသည်" ဟု ၎င်းကထပ်လောင်း ပြောကြားခဲ့သည်။

**ဘာသာပြန်သူ**

ဒေါ်ဖြိုးဖြိုး

ဦးစီးအရာရှိ

**Sources:**

https://www.aljazeera.com/news/2025/11/16/enormous-evil-thousands-rally-in-the-philippines-over-corruption-scandal

***********............*********

**"ယူကရိန်းနိုင်ငံ၏ အဂတိလိုက်စားမှုဇာတ်လမ်းသည် အခန်းကဏ္ဍ သစ်တစ်ခုသို့ ဝင်ရောက်လာခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး စုံထောက်နှစ်ဦးကို ချုပ်နှောင်ထားရာမှ လွှတ်ပေးခဲ့ခြင်း"**

ကီယက်ဗ်တရားရုံးတစ်ခုသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဗျူရို၏ စုံထောက် Viktor Husarov အား ဒီဇင်ဘာ ၉ ရက်တွင် ဖမ်းဆီး၍ နေအိမ်အကျယ်ချုပ်ထားရှိခဲ့ပြီး ထိုသူသည် ငါးလအကြာတွင် ချုပ်နှောင်မှုမှ လွတ်မြောက်ခဲ့သည်။

ရုရှားနှင့် ပူးပေါင်းလုပ်ဆောင်နေသည်ဟုဆိုသော လုပ်ဖော်ကိုင်ဖက် တစ်ဦးထံ နိုင်ငံတော်လျှို့ဝှက်ချက်များကို လွှဲပြောင်းပေးခဲ့သည်ဟု စွပ်စွဲ၍ အဆိုပါစုံထောက်ကို နိုင်ငံတော်သစ္စာဖောက်မှုဖြင့် တရားစွဲဆိုထားသည်။

Husarov နှင့် Semen Kryvonos (အမျိုးသားအဂတိလိုက်စားမှု တိုက်ဖျက်ရေးဗျူရို (NABU)) အကြီးအကဲဖြစ်သူတို့က အဂတိလိုက်စားမှု တိုက်ဖျက်ရေးဗျူရိုအား ဖိအားပေးရန်နှင့် ၎င်း၏လုပ်ငန်းကို နှောင့်ယှက်ရန် အတွက် စုံထောက်ကို ရည်ရွယ်ချက်ရှိရှိ ဖမ်းဆီးထားခြင်း ဖြစ်ကြောင်း စွပ်စွဲခဲ့ကြသည်။ စုံထောက်သည် ရုရှားအတွက် အလုပ်လုပ်နေခဲ့သည်ဟု စွပ်စွဲသည့်အချက်ကို နှစ်ဦးစလုံးက ငြင်းဆိုခဲ့ကြသည်။

ဇူလိုင်လတွင် ယူကရိန်းလုံခြုံရေးဌာနသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဗျူရိုမှ စုံထောက်နှစ်ဦးကို ဖမ်းဆီးခဲ့ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့အစည်းများအပေါ် အစိုးရကျောထောက်နောက်ခံပြု တိုက်ခိုက်မှုကို ထိရောက်စွာ စတင်ခဲ့သည်။

လူထု၏ တွန်းအားပေးမှုကြောင့် တိုက်ခိုက်မှုမအောင်မြင်ခဲ့ပါ။ ငါးလအကြာတွင် စုံထောက်နှစ်ဦး အိမ်ပြန်လာခဲ့ကြသည်။

ထောင်ထဲတွင် ထိန်းသိမ်းခံထားရသည့် NABU စုံထောက် Mahamedrasulov သည် နိုင်ငံပိုင် နျူကလီးယားစွမ်းအင်နှင့်စပ်လျဉ်း၍ တစ်ဦးတည်း လက်ဝါးကြီးအုပ်ဆုပ်ကိုင်ထားသည့် Energoatom ပါဝင်ပတ်သက်နေသည့် နိုင်ငံ၏ အကြီးမားဆုံးအဂတိလိုက်စားမှု အမှုကို စုံစမ်းစစ်ဆေးနေခဲ့သည်။

နိုင်ငံပိုင် နျူကလီးယားစွမ်းအင်ကုမ္ပဏီ Energoatom နှင့် ပတ်သက်နေသည့် အဂတိလိုက်စားမှုစုံစမ်းစစ်ဆေးမှုသည် ယူကရိန်း၏ အကြီးမားဆုံး နိုင်ငံရေးအရှုပ်တော်ပုံများမှ တစ်ခုအဖြစ် ပြောင်းလဲသွားခဲ့သည်။

စွပ်စွဲခံထားရသော ခေါင်းဆောင်မှာ Timur Mindich ဖြစ်ပြီး ယူကရိန်းသမ္မတ Volodymyr Zelensky ၏ နီးကပ်သော လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်ပြီး သမ္မတ၏ Kvartal 95 ထုတ်လုပ်ရေး ကုမ္ပဏီ၏

ပူးတွဲပိုင်ရှင် တစ်ဦးလည်းဖြစ်သည်။ Mindich သည် သတင်းပေးခံရပြီး တရားစွဲဆိုခံရခြင်းမပြုမီပင် နိုင်ငံမှ ထွက်ခွာသွားခဲ့သည်။

အခြားပါဝင်ပတ်သက်သူများတွင် ဒုတိယဝန်ကြီးချုပ်ဟောင်း Oleksiy Chernyshov ၊ ယခုနှစ်အစောပိုင်းတွင် စွမ်းအင်ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော တရားရေးဝန်ကြီး Herman Halushchenko နှင့် ကာကွယ်ရေးဝန်ကြီးဟောင်းနှင့် အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေး ကောင်စီ၏ လက်ရှိအတွင်းရေးမှူး Rustem Umerov တို့ပါဝင်သည်။

အမျိုးသားအဂတိလိုက်စားမှု တိုက်ဖျက်ရေးဗျူရို၊ စုံထောက် Mahamedrasulov သည် Andriy Yermak အား သမ္မတရုံးအကြီးအကဲ အဖြစ် ရာထူးမှထုတ်ပယ်ပြီး ရက်အနည်းငယ်အကြာတွင် ပြန်လည် လွှတ်မြောက်လာခြင်းဖြစ်သည် ။

Yermak ၏ ကျယ်ပြန့်သော အာဏာများနှင့် ထိန်းချုပ်လိုသော ဆန္ဒများကို ယူကရိန်းနှင့် နိုင်ငံခြားအရာရှိများကြားတွင် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။ Kyiv Independent နှင့် စကားပြောဆို သူများက နိုင်ငံ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့အစည်းများအပေါ် ဇူလိုင် လ က တိုက်ခိုက်မှုကို စတင်ခဲ့သူမှာ Yermakn ဖြစ်သည်ဟု ပြောကြားခဲ့သည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးဗျူရိုက Yermak သည် Energoatom အမှုတွင် ပါဝင်ပတ်သက်မှုရှိမရှိကို မပြောနိုင်သေးပေ။ စုံထောက် Mahamedrasulov လွှတ်မြောက်လာခြင်းသည် သတင်းကောင်း ဖြစ်သည်မှာ သံသယဖြစ်စရာမလိုပါ။ သို့သော် မကောင်းသည့် သတင်း မဟုတ်သည်မှာ စုံထောက် Mahamedrasulov ၏ အမှုသည် ယူကရိန်း နိုင်ငံ၏ တရားဥပဒေစိုးမိုးရေးစနစ်အတွက် ရောဂါရှာဖွေတွေ့ရှိချက်တစ်ခု

ဖြစ်သည်” ဟု လွှတ်တော်၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မတီ၏ အကြီးအကဲ ဖြစ်သူ Anastasia Radina က Facebook တွင် ပြောကြားခဲ့သည်။ စနစ်တစ်ခုလုံးဟာ အလွန်ချို့ယွင်းချက်များရှိနေပြီး အဓိကအားဖြင့် ဥပဒေပြုပြင်ရေး ပြောင်းလဲမှုများမှတစ်ဆင့် အရေးတကြီး ဝင်ရောက်စွက်ဖက်ဖို့ လိုအပ်ကြောင်း ပြောကြားခဲ့သည်။

အစိုးရရှေ့နေချုပ် Ruslan Kravchenko က ဒီဇင်ဘာ ၄ ရက်နေ့တွင် အများပြည်သူ၏ ဝေဖန်မှုများကို တုံ့ပြန်ခဲ့ပါသည်။ စုံစမ်းစစ်ဆေးသူများ တင်ပြသော လုံလောက်သော သက်သေအထောက်အထားများကြောင့် Mahamedrasulov နှင့် ၎င်း၏ဖခင်ကို တရားစွဲဆိုခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။ စုံစမ်းစစ်ဆေးမှုကို အနှောင့်အယှက်ဖြစ်စေမည့် အန္တရာယ်လျော့နည်း သွားသည်နှင့်အမျှ ၎င်းတို့ကို ချုပ်နှောင်ထားမှုမှ လွတ်မြောက်စေခဲ့ကြောင်း အစိုးရရှေ့နေချုပ်က ဖြည့်စွက်ပြောကြား ခဲ့သည်။ ထို့ပြင် ယခုဆုံးဖြတ်ချက်ကို လူမှုကွန်ယက်ပေါ်တွင် မဟုတ်ဘဲ ရာဇဝတ်မှုဆိုင်ရာ လုပ်ငန်းစဉ်ဘောင်အတွင်းက ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယူကရိန်းသမ္မတ၏ သစ္စာခံဖြစ်သည့် Kravcheno က ကြိုတင် ကာကွယ်ရေး အစီအမံကို ဖြေလျှော့ပေးခြင်းသည် သံသယရှိသူများ အတွက် အကြောင်းပြချက်မဟုတ်ဟု ပြောကြားခဲ့ပြီး စုံစမ်းစစ်ဆေးမှု ဆက်လက်လုပ်ဆောင်နေကြောင်း ပြောကြားခဲ့သည်။

ဘာသာပြန်သူ
ဒေါ်စန္ဒာဝင်း
ဦးစီးအရာရှိ

Source

- https://kyivindependent.com/july-arrests-of-two-detectives-launched-a-crackdown-on-anti-corruption-institutions-both-are-now-released/

***********............**********

## "အဂတိလိုက်စားမှုတွင် ပါဝင်ပတ်သက်နေသည့် ဩဇာအာဏာရှိ နိုင်ငံရေး သမားများအား ခရစ္စမတ်မတိုင်မီ ထောင်ကျမည်ဟု ဖိလစ်ပိုင် သမ္မတ ပြောကြား"

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ၁၃ ရက်နေ့တွင် မနီလာမြို့၌ ရေကြီး ရေလျှံမှု ထိန်းချုပ်ရေးစီမံကိန်းများနှင့် ပတ်သက်သော အကြီးစားအဂတိ လိုက်စားမှု အရှုပ်တော်ပုံတွင် ပါဝင်ပတ်သက်နေသည့် အာဏာရှိ အထက်လွှတ်တော်အမတ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ချမ်းသာကြွယ်ဝသော စီးပွားရေးလုပ်ငန်းရှင် ၃၇ ဦးအနက် အများအပြား သည် ခရစ္စမတ်ကာလမတိုင်မီ ထောင်သွင်းအကျဉ်းချခံရမည်ဖြစ်ကြောင်း ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ် ဂျူနီယာက ကြာသပတေးနေ့တွင် ပြောကြားလိုက်သည်။

အများပြည်သူ၏ ဒေါသထွက်မှုကို ပြေလျော့စေရန်နှင့် လမ်းပေါ်ထွက် ဆန္ဒပြမှုများကို တားဆီးရန်အတွက် သမ္မတက ယခုကဲ့သို့ ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။ ၎င်းကိုယ်တိုင် ဖွဲ့စည်းထားသော လွတ်လပ်သည့် အချက်အလက်ရှာဖွေရေး ကော်မရှင်သည် သံသယရှိသူ ၃၇ ဦးအပေါ် အဂတိလိုက်စားမှု၊ ခြစားမှုနှင့် အာမခံပေး၍မရသော "နိုင်ငံတော်ပိုင်ပစ္စည်းခိုးယူမှု" (Plunder) စွဲချက်များဖြင့် အမှုဖွင့် တိုင်ကြားထားကြောင်း သမ္မတက ဆိုသည်။ ထို့အပြင် စုစုပေါင်း ပီဆို ၉ ဘီလီယံခန့် (အမေရိကန်ဒေါ်လာ ၁၅၂ သန်း) အခွန်ရှောင်ခဲ့သည်ဟု

ယူဆရသော ဆောက်လုပ်ရေးကုမ္ပဏီ အမှုဆောင် ၈၆ ဦးနှင့် အစိုးရအရာရှိ ကိုးဦးတို့ကိုလည်း အမှုဖွင့်ထားသည်။

ဖိလစ်ပိုင်နိုင်ငံတစ်ဝန်းရှိ ရေကြီးရေလျှံမှု ထိန်းချုပ်ရေး စီမံကိန်း များမှာ အရည်အသွေး မမီခြင်း၊ ချို့ယွင်းချက်ရှိခြင်း သို့မဟုတ် စီမံကိန်းများ လုံးဝတည်ရှိမနေခြင်းတို့မှာ အဂတိလိုက်စားမှုကြောင့်ဖြစ်ကြောင်း အပြစ်တင်မှုများ ထွက်ပေါ်နေသည်။ အာရှတွင် မုန်တိုင်းနှင့် ရေကြီးမှု ဒဏ်ကို အဆိုးရွားဆုံး ခံစားရလေ့ရှိသည့် ဖိလစ်ပိုင်နိုင်ငံအတွက် ဤကိစ္စမှာ အလွန်ထိရှလွယ်သော ကိစ္စရပ်တစ်ခုဖြစ်သည်။

ပြီးခဲ့သည့် အပတ်က တိုက်ခတ်ခဲ့သော တိုင်ဖုန်းမုန်တိုင်း 'ကာလ်မေးဂီ' ကြောင့် လူပေါင်း ၂၃၂ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၁၂၅ ဦး ပျောက်ဆုံးနေဆဲ ဖြစ်သည်။ ထို့နောက် ရက်ပိုင်းအတွင်းမှာပင် 'ဖန်းဝမ်' (Fung-wong) မုန်တိုင်း ထပ်မံဝင်ရောက်ခဲ့သဖြင့် လူ ၂၇ ဦး သေဆုံးကာ သန်းနှင့် ချီသော ပြည်သူများ ရေကြီးမြေပြိုမှုဒဏ်ခံစားခဲ့ရသည်။

"ခရစ္စမတ်မတိုင်မီမှာ အမည်စာရင်းပါဝင်သူ အများအပြား၏ အမှုများကို အဆုံးသတ်နိုင်မည်ဖြစ်ပြီး ၎င်းတို့သည် အကျဉ်းထောင်ထဲ ရောက်ပါလိမ့်မည်" ဟု သမ္မတ မားကို့စ်က ပြောကြားခဲ့သည်။ ထို့အပြင် "ကျွန်တော်တို့က ဟန်ပြသက်သက် အမှုဖွင့်ခြင်း မဟုတ်ဘဲ အရှုပ်တော်ပုံ တွင် ပါဝင်သည့် လူများကို အမှန်တကယ် ထောင်ချရန်အတွက် အမှုဖွင့်ခြင်း ဖြစ်သည်" ဟု ၎င်းက အလေးပေးပြောကြားခဲ့သည်။

သမ္မတ မားကို့စ်သည် ပြီးခဲ့သည့် ဇူလိုင်လအတွင်း လွှတ်တော်၌ ပြောကြားခဲ့သော နှစ်ပတ်လည် နိုင်ငံတော်မိန့်ခွန်းတွင် ကတိပြုခဲ့သည့် အဂတိလိုက်စားမှု နှိမ်နင်းရေးလုပ်ငန်းစဉ်များ၏ တိုးတက်မှု အခြေအနေကို ရုပ်သံသတင်းစာရှင်းလင်းပွဲမှတစ်ဆင့် အစီရင်ခံတင်ပြ ခဲ့ခြင်းဖြစ်သည်။ အဆိုပါ အဂတိလိုက်စားမှု အရှုပ်တော်ပုံကြောင့်

အများပြည်သူအကြား ဒေါသထွက်မှုများ မြင့်တက်နေပြီး ယခုသီတင်းပတ်ကုန်မှ စတင်၍ သုံးရက်ကြာ ဆန္ဒပြပွဲနှင့် နိုဝင်ဘာ ၃၀ ရက်တွင်လည်း ထပ်မံ၍ လမ်းပေါ်ထွက် ဆန္ဒပြမှုများပြုလုပ်ရန် စီစဉ်ထားကြသည်။

သမ္မတမားကို့စ် နှင့် နိုင်ငံရေးအရ အခြေအတင် ဖြစ်နေသည့် ဒုတိယသမ္မတ ဆာရာဒူတာတေးကမူ မူမမှန်သောအခြေခံ အဆောက်အအုံ စီမံကိန်းများအတွက် ရန်ပုံငွေခွဲဝေမှုများ ပါဝင်သည့် ၂၀၂၅ ခုနှစ် အမျိုးသားဘတ်ဂျက်ကို အတည်ပြု လက်မှတ်ရေးထိုးခဲ့သည့်အတွက် သမ္မတတွင်လည်း တာဝန်ရှိကြောင်း ဝေဖန်ပြောကြားခဲ့သည်။

"သမ္မတမားကို့စ်သည် နိုင်ငံအတွက် အလုပ်လုပ်ရာတွင် ကြီးမားသည့် ပျက်ကွက်မှုများ ရှိနေခြင်းကြောင့် သူ့ကိုယ်သူပဲ ထောင်ထဲ ထည့်သင့်ပါတယ်" ဟု ဒူတာတေးက ကြာသပတေးနေ့တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

အစိုးရ၏ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးကောင်စီသည် သံသယရှိသူများ၏ ဘဏ်စာအုပ်ပေါင်း ၁,၆၇၁ ခု၊ အိမ်ခြံမြေ ၁၄၄ ခု၊ မော်တော်ယာဉ် ၂၄၄ စီး အပါအဝင် စုစုပေါင်း ပီဆို ၆.၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၀၇ သန်း) တန်ဖိုးရှိ ပိုင်ဆိုင်မှုများကို ချိပ်ပိတ်ရန် အမိန့် ၇ ရပ် ထုတ်ပြန်ထားကြောင်း မားကို့စ်က ဆိုသည်။

ထို့ပြင် သံသယရှိသူများထံမှ ဥရောပနှင့် ဗြိတိန်ထုတ် အဆင့်မြင့် ဇိမ်ခံကားများနှင့် SUV ကား ၁၃ စီးထက်မနည်းကိုလည်း စည်းမျဉ်းဖောက်ဖျက်မှု အမျိုးမျိုးဖြင့် အကောက်ခွန်ဦးစီးဌာနက သိမ်းဆည်းခဲ့ပြီး ၎င်းအနက်မှ ကား ၇ စီးကို ပထမအသုတ်အနေဖြင့် လေလံတင် ရောင်းချလျက်ရှိသည်။

"နိုင်ငံပိုင်ပစ္စည်းများကို ခိုးယူသည့်သူများ အမှန်တကယ် ထောင်ကျသည်ကို မြင်တွေ့ရခြင်းသည် အင်မတန်အရေးကြီးပြီး

ကောင်းမွန်သည့် အရိပ်လက္ခဏာတစ်ခုလည်း ဖြစ်သည်" ဟု ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး ဖရန့်ဇ်မိုက်ကယ်မဲလ်ဘင်က မနီလာမြို့တွင် ပြုလုပ်သည့် စီးပွားရေးဖိုရမ်တစ်ခုတွင် မှတ်ချက်ပြု ပြောကြားခဲ့သည်။

လွန်ခဲ့သည့်လတွင် ဖိလစ်ပိုင်တာဝန်ရှိသူများသည် အဂတိလိုက်စားမှုဖြင့် သံသယရှိသူများကို တရားရင်ဆိုင်နေစဉ်အတွင်း ထိန်းသိမ်းထားနိုင်ရန် ကွီဇုန်စီးတီးမြို့ဆင်ခြေဖုံးတွင် အကျဉ်းထောင်အသစ်တစ်ခုကို ဖွင့်လှစ်ခဲ့သည်။အဆိုပါအကျဉ်းထောင်တွင် အကျဉ်းသား ၈ဂဂ ခန့် ထိန်းသိမ်းထားနိုင်ပြီး ဩဇာရှိနိုင်ငံရေးသမားများကိုလည်း VIP အထူးအခွင့်အရေး ပေးမည်မဟုတ်ကြောင်း တာဝန်ရှိသူများက ကတိပြုထားသည်။

စုံစမ်းစစ်ဆေးနေသည့် စီမံကိန်းများထဲတွင် မားကို့စ် အာဏာရချိန် ၂ဂ၂၂ခုနှစ် နှစ်လည်မှစ၍အကောင်အထည်ဖော်ခဲ့သော ပီဆို ၅၄၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၉ ဘီလီယံ) ကျော်တန်ဖိုးရှိ ရေကြီးမှုထိန်းချုပ်ရေး စီမံကိန်းပေါင်း ၉,၈၅၅ ခု ပါဝင်သည်။ ၂ဂ၂၃ ခုနှစ် တစ်နှစ်တည်းမှာပင် ခြစားမှုကြောင့် ရေကြီးမှုထိန်းချုပ်ရေး ရန်ပုံငွေထဲမှ ပီဆို ၁၁၈.၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ ဘီလီယံ) ခန့် ဆုံးရှုံးခဲ့နိုင်ကြောင်း စက်တင်ဘာလအတွင်းက ဘဏ္ဍာရေးဝန်ကြီး ရာ့ဖ်ရက်တို က လွှတ်တော်အမတ်များကို ပြောကြားခဲ့သည်။

အဂတိလိုက်စားမှုတွင် ပါဝင်ပတ်သက်သူများထဲတွင် သမ္မတကို ဆန့်ကျင်သူများသာမက သမ္မတ၏ မဟာမိတ်ဖြစ်သူ အောက်လွှတ်တော် ဥက္ကဋ္ဌဟောင်း မာတင်ရိုမေဲ့လ်ဒက်စ် လည်း ပါဝင်နေသည်။ သို့သော်လည်း မစ္စတာ ရိုမေဲ့လ်ဒက်စ်က မမှန်မကန်လုပ်ဆောင်ခဲ့ခြင်း မရှိကြောင်း ငြင်းဆိုထားသည်။ ထို့ပြင် သမ္မတမားကို့စ်ကို ပြင်းပြင်းထန်ထန်ဝေဖန်လေ့ရှိသည့် သမ္မတဟောင်း ရိုဒရီဂိုဒူတာတေး၏ မဟာမိတ် အချို့လည်း ဤအမှုတွင် သံသယဖြစ်ဖွယ် ပါဝင်နေသည်။

"ဒီစုံစမ်းစစ်ဆေးမှုမှာ ဘယ်သူ့ကိုမှ ချွင်းချက်ပေးမှာ မဟုတ်သလို ဘယ်သူမှလည်း ကင်းလွတ်ခွင့်ရမှာ မဟုတ်ဘူး" ဟု သမ္မတ မားကို့စ်က အလေးပေး ပြောကြားခဲ့သည်။



ဘာသာပြန်သူ
ယွန်းရွှေစင်ကျော်
ဦးစီးအရာရှိ

**Source**

https://apnews.com/article/flood-control-corruption-philippines-ferdinand-marcos-jr-3972804a08eb6b06a74c12a 4b3ae8335

*********** ............ **********

# “ဘိုလီးဗီးယား သမ္မတဟောင်း အာစီအား အဂတိလိုက်စားမှုဖြင့် ထောင်ဒဏ်ချမှတ်ဒေသဖွံ့ဖြိုးရေးစီမံ ကိန်းများအတွက် ရည်ရွယ်သည့် ရန်ပုံငွေများကို အလွဲသုံးစားပြုသည် ဆိုသော စွပ်စွဲချက်များကို ခေါင်းဆောင်ဟောင်းက ငြင်းဆိုထား”



ဘိုလီဗီးယားနိုင်ငံ၏ ရားရုံးက သမ္မတဟောင်း လူးဝစ်အာဆီအား ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်တွင် လာပါဇ်မြို့ရှိ ဆန်ပက်ဒရိ အကျဉ်းထောင်သို့ ခေါ်ဆောင်ခဲ့ပြီး ဒေသခံတိုင်းရင်းသားများ ဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ထားသည့် ရန်ပုံငွေမှ ဒေါ်လာသန်းပေါင်းများစွာကို အလွဲသုံးစားလုပ်ခဲ့သည်ဆိုသည့် စွပ်စွဲချက်များအား စုံစမ်းစစ်ဆေးရန်အတွက် ၅ လကြာ အကျဉ်းချထားရန် အမိန့်ချမှတ်လိုက်သည်။

ရာထူးကာလပြီးဆုံးသွားခဲ့သည်မှာ တစ်လမပြည့်သေးသည့် အာစီသည် လာပတ်စ်မြို့လယ်ခေါင်လမ်းပေါ်တွင် ဖမ်းဆီးခံရပြီး နှစ်ရက်အကြာ သောကြာနေ့တွင် တရားသူကြီး အယ်လ်မာလော်ရာက အွန်လိုင်းမှ တစ်ဆင့် ကြားနာစစ်ဆေးခြင်းခံခဲ့ရသည်။

တရားသူကြီးက အာစီ၏ ရှေ့နေအဖွဲ့မှ လွှတ်မြောက်ခွင့် တောင်းဆိုမှုကို ပယ်ချခဲ့ပြီး နိုင်ငံပိုင်ပစ္စည်းများနှင့် အားနည်းချက်ရှိသော ကဏ္ဍအတွက် ခွဲဝေပေးထားသည့် အရင်းအမြစ်များကို တိုက်ရိုက် ထိခိုက်စေသည့် အလွန်လေးနက်သောစွဲချက်ဖြင့် မြို့တော်ရှိ အကျဉ်း ထောင်ကြီးတစ်ခုတွင် တရားရုံးမစစ်ဆေးမီ ထိန်းသိမ်းထားရန် ဆုံးဖြတ်ခဲ့ သည်။ လက်ရှိအချိန်အထိ တရားရုံးစစ်ဆေးမည့်ရက်ကို မသတ်မှတ်ရသေး သော်လည်း စွဲချက်များမှာ ၂၀၀၆ မှ ၂၀၁၇ ခုနှစ်အတွင်း သမ္မတဟောင်း အီဗိုမိုရာလက်စ် လက်ထက်တွင် စီးပွားရေးဝန်ကြီးအဖြစ် တာဝန် ထမ်းဆောင်စဉ် အာစီ က သဘာဝဓာတ်ငွေ့ဝင်ငွေများကို အသုံးပြု၍ တိုင်းရင်းသားများနှင့် လယ်သမားများအတွက် ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ရန် ရည်ရွယ်ထားသည့် နိုင်ငံပိုင်ရန်ပုံငွေမှ အမေရိကန် ဒေါ်လာ ခန့်မှန်းအားဖြင့် သန်း ၇၀၀ ခန့်ကို အလွဲသုံးစားလုပ်ခဲ့သည်ဟု အာဏာပိုင်များက ဆိုသည်။

လက်ရှိလက်ယာအစိုးရ၏ ပြည်ထဲရေးဝန်ကြီး မာကိုအန်တို နီယိုအိုဗီယေဒိုက အသက် ၆၂ နှစ်အရွယ်ရှိ သမ္မတဟောင်း အာစီသည် မပြီးမြောက်ခဲ့သော စီမံကိန်းများအတွက် အစိုးရအရာရှိအချို့၏ ကိုယ်ပိုင် အကောင့်များသို့ များပြားသောငွေပမာဏများကို လွှဲပြောင်းပေးရန် ခွင့်ပြုပေးခဲ့သည့် “အဓိက တာဝန်ရှိသူ” ဖြစ်ကြောင်းဖော်ပြခဲ့သည်။

သို့သော် အာစီက သောကြာနေ့ ကြားနာမှုအတွင်း မိမိ၏ အပြစ် မရှိကြောင်း ထိန်းသိမ်းပြောဆိုခဲ့ပြီး ရန်ပုံငွေ စီမံခန့်ခွဲမှုတွင် ကိုယ်တိုင် မပါဝင်ခဲ့ကြောင်းနှင့် ယခုအမှုသည် နိုင်ငံရေးအရ ရည်ရွယ်ချက်ရှိသော အမှုဖြစ်ကြောင်း ငြင်းဆိုခဲ့သည်။ “ကျွန်တော်ဟာ အစားထိုး အပြစ်တင် ခံရသူသာဖြစ်သည်။ ဒီစွပ်စွဲချက်တွေဟာ နိုင်ငံရေးအရ ရည်ရွယ်ချက် ရှိတာပါ” ဟု တရားသူကြီးအား ပြောကြားခဲ့သည်။

အာစီ၏ ရှေ့နေများက ကျန်းမာရေးအခြေအနေကို အခြေခံကာ လွတ်မြောက်ခွင့် တောင်းဆိုခဲ့ပြီး ယခင်က ကျောက်ကပ်ကင်ဆာဖြင့် ကုသမှုခံယူခဲ့ရကြောင်း တင်ပြခဲ့သော်လည်း တရားသူကြီးက ပယ်ချခဲ့သည်။ သို့သော် တရားသူကြီး လော်ရာက အယူခံကို ငြင်းပယ်ခဲ့ပြီး တရားစွဲဆိုသူဘက်မှ တောင်းဆိုထားသည့် လူငယ်ထိန်းသိမ်းရေးစခန်းတွင် ၃ လကြာ ထိန်းသိမ်းထားမည့်အစား ပြည်နယ်အကျဉ်းထောင်တွင် ၅ လကြာ အကျဉ်းချထားရန် အမိန့်ချမှတ်ခဲ့သည်။

အဆိုပါ ရန်ပုံငွေအမှုသည် ၂၀၁၅ ခုနှစ်တွင် အဂတိလိုက်စားမှု စွပ်စွဲချက်များကြောင့် တိုင်းရင်းသားရန်ပုံငွေကို ပိတ်သိမ်းခဲ့ချိန်က စတင်ပေါ်ပေါက်ခဲ့သော်လည်း ဆိုရှယ်လစ်စနစ်ဖြင့် အုပ်ချုပ်သည့် နှစ်များအတွင်း စုံစမ်းမှုများ ရပ်တန့်နေခဲ့သည်။
ယခုအမှုကို လွန်ခဲ့သည့်လတွင် တာဝန်ယူခဲ့သည့် ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းသော (Conservative) သမ္မတ ရိုဒရီဂိုပါဇ် အာဏာရလာပြီးနောက် ပြန်လည်ဖော်ထုတ် စုံစမ်းခဲ့ခြင်းဖြစ်ပြီး ဘိုလီးဗီးယားတွင် နှစ်ပေါင်း ၂၀ ခန့် ဆက်တိုက်အာဏာယူခဲ့သည့် လက်ဝဲအုပ်ချုပ်ရေးကာလကို အဆုံးသတ်စေခဲ့သည်။

ပါဇ်သည်နိုင်ငံ၏ နှစ် ၄၀ အတွင်း အဆိုးရွားဆုံး စီးပွားရေးအကျပ်အတည်းနှင့် ကြုံတွေ့နေရချိန်တွင် အမြင့်ဆုံးအဆင့်များအထိ အဂတိလိုက်စားမှုကို တိုက်ဖျက်မည်ဟု မဲဆွယ်ကာ အာဏာရခဲ့သူဖြစ်သည်။ ဒုတိယသမ္မတ အက်ဒ်မန် လာရာကလည်း လူမှုမီဒီယာတွင် အာစီ၏ ဖမ်းဆီးမှုကို အောင်ပွဲခံကာ “ဒီနိုင်ငံမှ ခိုးယူထားသူတိုင်း ငွေတစ်ပြားမကျန် ပြန်ပေးရမည်” ဟု ကြေညာခဲ့သည်။

အာစီအစိုးရလက်ထက် ဝန်ကြီးဟောင်းများကမူ ယခုဖမ်းဆီးမှုသည် အာဏာကို အလွဲသုံးစားပြုပြီး ဆိုရှယ်လစ်ပါတီအပေါ် နိုင်ငံရေးအရ ဖိနှိပ်ခြင်းဟု ဝေဖန်ရှုတ်ချကြသည်။ အကယ်၍ ပြစ်မှုထင်ရှားစီရင်ခံရပါက

အာစီသည် ထောင်ဒဏ်အများဆုံး ၆ နှစ် အထိချမှတ်ခံရနိုင်ကြောင်း သိရသည်။

**ဘာသာပြန်သူ**
ဒေါ်ထက်ထက်အောင်
ဦးစီးအရာရှိ

**Source**

https://aje.io/cztf1i

***********............**********

**"NACC သည် အဂတိလိုက်စားသော ဝယ်ယူရေးမန်နေဂျာအား ပထမဆုံးအကြိမ် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်း"**

Western Sydney လေဆိပ်အတွက် ကားပါကင်စနစ်များ ပံ့ပိုးပေးရန် တင်ဒါခေါ်ယူသည့် ကုမ္ပဏီတစ်ခုကို လာဘ်ထိုးရန် ကြိုးပမ်းမှုဖြင့် အဂတိလိုက်စားသော လေဆိပ်အရာရှိတစ်ဦးကို ပြစ်ဒဏ်ချမှတ်ခဲ့သည်။

Western Sydney လေဆိပ်ရဲ့ အမှုဆောင်ဝယ်ယူရေး မန်နေဂျာဟောင်း Sajish Erasery သည် စာချုပ်ဝယ်ယူရေးလုပ်ငန်းစဉ် တစ်ခုအတွင်း အမေရိကန်ဒေါ်လာ ၂၀၀,၀၀၀ လာဘ်ငွေတောင်းခံမှုနဲ့ ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။

သူသည် ယခင်က အပြစ်ရှိကြောင်း ဝန်ခံပြီးနောက် ၁၉၀၀ ခုနှစ် ရာဇဝတ်မှုများ အက်ဥပဒေ (NSW) ၏ ပုဒ်မ ၂၄၉ခ နှင့် ဆန့်ကျင်၍ အဂတိလိုက်စားမှု ကော်မရှင်တစ်ခုဖွဲ့စည်းရန် တောင်းခံမှုဖြင့် ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည် ။

Erasery ကို ၂၈-၇-၂၀၂၅ ရက်နေ့တွင် ထောင်ဒဏ် ၂ နှစ် ချမှတ်ခဲ့ပြီး၊ လူမှုအကျိုးပြုလုပ်ငန်း ၅၀၀ နာရီ ပြီးမြောက်အောင် လုပ်ဆောင်ခြင်း အပါအဝင် လူမှုအသိုင်းအဝိုင်းတွင် ပြင်းထန်သော ပြုပြင်ရေးအမိန့်ဖြင့် ကျခံရန် အမိန့်ချမှတ်ခဲ့သည်။

ဤသည်မှာ အမျိုးသားအဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်မှ စတင်သော စုံစမ်းစစ်ဆေးမှုမှ ထွက်ပေါ်လာသည့် ပထမဆုံးပြစ်ဒဏ် ဖြစ်သည်။

ယင်းပြစ်ဒဏ်ချမှတ်ခြင်းသည် ၂၀၂၄ ခုနှစ် မတ်လတွင် NACC နှင့် ဩစတြေးလျ ဖက်ဒရယ်ရဲတပ်ဖွဲ့တို့မှ စတင်ခဲ့သော ပူးတွဲစုံစမ်းစစ်ဆေးမှုမှ ဆင်းသက်လာခြင်းဖြစ်သည်။

စုံစမ်းစစ်ဆေးမှုအရ Erasery သည် အနာဂတ်လေဆိပ်တွင် အလိုအလျောက် ကားပါကင်စနစ်များ ပံ့ပိုးပေးရန် ဒေါ်လာ ၅ သန်းတန် စာချုပ်အတွက် တင်ဒါခေါ်ယူသည့် ကုမ္ပဏီတစ်ခုထံမှ လာဘ်ငွေတောင်း ခံရန် ကြိုးစားခဲ့ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။

Erasery က သူသည် စာချုပ်တန်ဖိုး၏ ၅ ရာခိုင်နှုန်း၊ ဒေါ်လာ ၂၅၀,၀၀၀ နှင့် ညီမျှသော အဂတိလိုက်စားမှုဖြင့် ငွေပေးချေမှုကို လက်ခံ ရရှိပါက သဘောတူညီချက်ကို လိုင်းပေါ်မှ ရယူနိုင်ကြောင်း အစောပိုင်းတွင် အကြံပြုခဲ့သည်။

နောက်ပိုင်းတွင် သူသည် လာဘ်ငွေပမာဏကို ဒေါ်လာ ၂၀၀,၀၀၀ အထိ လျှော့ချခဲ့ပြီး ကုမ္ပဏီအား ငွေတောင်းခံလွှာများ ဖောင်းပွစေခြင်းဖြင့် ပြန်ဆပ်ရန် အစီအစဉ်တစ်ခုကို အဆိုပြုခဲ့သည်။

Western Sydney လေဆိပ်က ယင်းကိစ္စကို NACC သို့ လွှဲပြောင်း ပေးခဲ့ပြီး Erasery ၏ လုပ်ရပ်များအပေါ် ချက်ချင်းအရေးယူခဲ့သည်။

စုံစမ်းစစ်ဆေးရေးနည်းစနစ်အမျိုးမျိုးကို အသုံးပြု၍ NACC နှင့် AFP သည် လွှဲပြောင်းပေးအပ်ပြီး ၁၀ ရက်အတွင်း Erasery ကို တရားစွဲဆိုရန် လုံလောက်သော အထောက်အထားများကို စုဆောင်းခဲ့သည်။

ပူးတွဲစုံစမ်းစစ်ဆေးမှုအပြီးတွင် AFP သည် ကော်မရှင်ကိုယ်စား ၂၀၂၄ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဖမ်းဆီးမှုတစ်ခု ပြုလုပ်ခဲ့သည်။

ယင်းကိစ္စကို ခနေသဟာယ အစိုးရရှေ့နေများဆိုင်ရာ ညွှန်ကြားရေးမှူးက တရားစွဲဆိုခဲ့သည်။

Erasery ဖမ်းဆီးခံရချိန်တွင် NACC သည် ခနေသဟာယကဏ္ဍရှိ မြင့်မားသောတန်ဖိုး နှင့် ရှုပ်ထွေးသော ဝယ်ယူမှုများတွင် အဂတိလိုက်စားမှု အန္တရာယ်ကို မီးမောင်းထိုးပြရန် စွဲချက်ကိုလူသိရှင်ကြားထုတ်ပြန်ရန် ရွေးချယ်ခဲ့ကြောင်း အမျိုးသားအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နာ Paul Brereton က ပြောကြားခဲ့သည်။

၎င်းသည် ကော်မရှင်မှ စတင်သော စုံစမ်းစစ်ဆေးမှုတွင် ပထမဆုံး စွဲချက်ဖြစ်ပြီး ယခုအခါ ပထမဆုံးပြစ်ဒဏ်ချမှတ်ခြင်း ဖြစ်သည်။

အခြားပြစ်ဒဏ်ချမှတ်မှု ကိုးခုရှိသော်လည်း ၎င်းတို့သည် ယခင်သြစတြေးလျ ဥပဒေစိုးမိုးရေး သမာဓိကော်မရှင်မှ စတင်ခဲ့ပြီး ၂၀၂၃ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှစ၍ NACC မှ ဆက်လက်လုပ်ဆောင်ခဲ့သော ကိစ္စရပ်များမှ ဖြစ်သည်။

ကော်မရှင်သည် Western Sydney လေဆိပ်၏ ပူးပေါင်းဆောင်ရွက်မှု၊ အချိန်နှင့်တစ်ပြေးညီနှင့် ရှေ့ဆောင်လုပ်ဆောင်မှုများကို အသိအမှတ်ပြုပါသည်။

Western Sydney လေဆိပ်၏ ပူးပေါင်းဆောင်ရွက်မှုသည် စုံစမ်းစစ်ဆေးမှုကို အဓိက အထောက်အကူပြုသည့် အချက်တစ်ခုဖြစ်ကြောင်း NACC က ပြောကြားခဲ့သည်။

ဘာသာပြန်သူ
ဒေါ်စန္ဒာဝင်း
ဦးစီးအရာရှိ

**Source-**

https://region.com.au/nacc-nabs-first-conviction-over-corrupt-procurement-manager/889653/

***********............**********

# ဖြူစင်တဲ့ နှလုံးသား၊ တိုးတက်တဲ့ အနာဂတ်

ပြည်ထဲအနှံ့ ခြသဖွယ်၊
ကိုက်ဝါးဖျက်ဆီး အန္တရာယ်။
လာဘ်ပေးလာဘ်ယူ အကျင့်ဆိုး၊
တိုင်းပြည်ဂုဏ်ရောင် အလွန်ညှိုး။

အမှန်တရားကို ငွေနဲ့ကာ၊
မျက်နှာလိုက်လို့ ဖုံးကွယ်တာ။
ဥပဒေအထက် ဘယ်သူရှိ၊
ညီမျှခြင်းသာ ရှိပါစေ။

လောဘစိတ်ကို အနိုင်ယူ၊
ကိုယ်ကျင့်သိက္ခာ မြှင့်တင်ယူ။
အဂတိဆိုတာ အဆိပ်ဘေး၊
ရှောင်ကြဉ်ကြပါ ခပ်ဝေးဝေး။

အဂတိကင်းမှ ပြည်သာယာ၊
နောင်လာမယ့်ခေတ် လှပမှာ။
လက်တွဲညီညာ တိုက်ဖျက်လို့၊
အနာဂတ်သစ် တည်ဆောက်စို့။

မောင်နွေနှင်း (မြန်မာစာ)
IAC Day အထိမ်းအမှတ်နေ့ အမှတ်တရ

# လက်တွဲတိုက်ဖျက်ပြည်သူ့အတွက်

* * * * * * * * * * * * * * * * * * * * * * * * * * * * * * * * * *

လောကလူ့ဘောင် ကောင်းကျိုးဆောင်၍
အမှောင်ကိုခွင်း ရောင်ဝါလင်းဖို့
နေမင်းသည်သာ စွမ်းဆောင်ရာသို့
မဂ္ဂါအပ်နှင်း ဆင်းရဲတွင်းမှ
လွတ်ကင်းစေရာ စေတနာတည့်.....။

တည်ရှိဘဏ္ဍာ ပြည့်ဥစ္စာကို
မဂ္ဂါစိတ်ထား လောဘပွားကာ
အမှားဂတိ ရင်ဝယ်ရှိစဉ်
မသိငရဲ ယူထားမြဲသည်
အစွဲလောဘ ရှောင်ကွင်းကြစို့....။

ဒေါသစိတ်မှား ဆုံးဖြတ်ထားစဉ်
ရောက်သွားဒုက္ခ ပြင်မရလို့
ရှောင်ကြစေရေး ပညာပေးကာ
မနေးမြန်စွာ ပယ်ကြမှာမို့
ဒေါသာဂတိ ရှောင်ကြသိလို့.....။

အရှိစိတ်ရင်း ဖြူစင်ခြင်းတို့
အတင်းကွယ်ပျောက် မောဟဖောက်သော်
မရောက်လိုရာ လုပ်ရပ်မှာမှား
ပယ်ခွာသွားရာ ချင့်ချိန်ပါလို့
မောဟာဂတိ ရှောင်ကြသိလို့.....။

တည်ရှိအမှန် ကြောက်ခြင်းဖန်သော်
အမှန်အမှား သူဝေဝါးကာ
မထားအသိ ဝေးကွာဘိမို့
အရှိပညာ ပြုကျင့်ရာမှာ
ဘယာဂတိ ရှောင်ကြသိလို့.....။

ဂတိလမ်းကြောင်း မှန်ကန်ကြောင်းကို
အပေါင်းတဏှာ စွက်ဖက်ရာ၌
တဏှာအကြိုက် ဆုံးဖြတ်လိုက်မိ
အမိုက်ဖြစ်ရာ ဘဝမှာကား
ဆန္ဒာဂတိ ရှောင်ကြသိလို့.....။

ဆန္ဒာ,ဒေါသာ ဂတိမှာကား
ဘယာ,မောဟာ ဝင်၍လာသော်
မဂ္ဂါဒုက္ခ ကြုံတွေ့ရမည်
ဘဝသည်ကား တိုတောင်းသွားလို့
အမှားဂတိ ရှောင်ကြသိလို့........။

သတိသမ္မဇဉ် ဉာဏ်နှင့်ယှဉ်ထား
အစဉ်စိတ်ရိုင်း ဝင်လာတိုင်းတွင်
တံတိုင်းကိုဖျက် အမှောင်ဘက်မှ
လင်းလက်စေမြဲ သာယာကဲအောင်
လက်တွဲတိုက်ဖျက် ပြည်သူ့အတွက်...။

လင်းလက်

၁၀-၁၂-၂၀၂၃ ရက်နေ့ မြဝတီသတင်းစာပါ IAC Day အထိမ်းအမှတ် ကဗျာ